
ဝန်ဇင်း
Read on the move
သူငယ်
ကျွန်မ
မဟေသီ

# အခန်း (၁)

"မိန်းမချော ရေ ..."

"ရှင် ... ဘယ်သူလဲ ..."

"သြော် .... ကျုပ်ပါအေ ... ကျုပ် မယ်မြ .... ဒေါ်မယ်မြ ..."

အသံပေးရင်း အိမ်ထဲဝင်လာတော့ မိန်းမချော မျက်နှာ ရှုံ့မဲ့သွားသည် ။

လက်ကွေးထိ ဆွဲချိတ်ထားပြီးသော ဈေးဆွဲခြင်းကို ပြန်ဖြုတ်ချပြီး ကုလားထိုင်မှာ ပဲ ပြန်ထိုင်ချလိုက်၏။

"ဒေါ်မြကလည်း ပေါက်တော့ အရင်းနုတ်ယူလိုက်ပေါ့ ... တကယ်ပါပဲ။

"ဖြစ်ရလေ မိန်းမချော ရယ် နှစ်လုံးထီထိုးတာ နေ့စဉ်နေ့တိုင်းကြီး ညည်း ပေါက်လာရင်ရော ဘယ်လိုလုပ်မှာ လဲ ...၊ ထိုးတာမှ ငါးဆယ်ကွက် ... တစ်ရာကွက်လေးတွေ ..."

"ဒီလိုပဲ ကျွန်မ ဆပ်သွားတာ .... အချိန်တန်တော့ ကျေတာပဲ မဟုတ်ဘူး လား ..."

ဒေါ်မြကလည်း မျက်နှာကြီး မဲ့သွားလိုက် ... ခေါင်းကုတ်လိုက်နှင့် အိမ်ထဲကိုလည်း လှမ်းကြည့်သေးသည် ။ ပြီးတော့ ...

“ရှိလား ... ညည်းယောက်ျား ...”

“မရှိဘူး ...”

“အဲဒီ ယောက်ျားမရှိတဲ့ အချိန် ချောင်းပြီး ကြွေးတောင်းရတာလည်း ငါ့မှာ လင်ငယ်နေတဲ့ မိန်းမထက်တောင် ဆိုးသေးတယ်”

“ဒေါ်မြက လင်ငယ်နေတဲ့ မိန်းမ ဘယ်လို ချောင်းမြောင်းရတာတွေ သိလို့ လား ...”

“သိတာပေါ့ .... သြော် ဒုက္ခပါပဲ၊ ငါတော့ ပါးရိုက်ခံရတော့မယ် ... ညည်းလုပ်ပုံနဲ့ ...”

ဒေါ်မြ လွှတ်ခနဲ ပြောပြီးမှ မလုံမလဲ ရှေ့ကြည့်နောက်ကြည့်တွေ ဖြစ်သွားသည် ။ ပြီးမှ မိန်းမချောဘက်ကို ရှုံ့တွတွမျက်နှာကြီး ပြန်လှည့်၍ ...

“ကဲ ... ညည်းလင် မလာခင် ငါ့ကို မြန်မြန် ပေးစမ်းပါအေ ....”

“မရှိဘူး ... ခုပဲ ဈေးသွားမလို့ ...၊ ပိုက်ဆံ ဒါပဲရှိတယ် ...”

ပိုက်ဆံအိတ် ပြားပြားလေးကို ချိုင်းကြား ညှပ်ထားရာကနေ ဖြုတ်၍ ဖွင့်ပြသည် ။

ဒေါ်မြကလည်း သေချာကြည့်ချင်တာ မဟုတ်ဘဲ လည်ပင်းတော့ ရှည်ကြည့်လိုက်သေးကာ ....

“မရှိလည်း တစ်ဝက်တော့ ပေးမှ ဖြစ်မယ် မိန်းမချော ...၊ ငါ အခု ဒိုင်မှာ ပိုက်ဆံ သွားသွင်းရတော့မှာ ၊ ဒီနေ့ ကြွေးတွေ များ လွန်းလို့ ငါ့မှာ စိုက်ရှင်းစရာလည်း မရှိတော့ဘူး ...”

“ပိုက်ဆံလေး သောင်းရှစ်ထောင်ကို ဘယ်လိုဖြစ်လို့ ပြူးပြဲနေရတာ

လဲ၊ ဒီနေ့ ကျွန်မ ပေါက်ကိုပေါက်မှာ မိတ်ပျက်အောင် မလုပ်နဲ့ နော် ...”

“မိတ်ပျက်လည်း မတတ်နိုင်ဘူးအေ ...၊ လုပ်ပါ .... ငါးထောင် ခြောက်ထောင်လောက် ဖြစ်ဖြစ်ပေး ...”

“ကဲ .... ကြွေးတောင်းတာလည်း ဓားပြတိုက်နေတာ ကျနေတာပဲ၊ ရော့ ... ရော့ ... သုံးထောင့်ငါးရာ ... ဒါပဲ ယူ ... ဈေးမသွားရတော့ပေမယ့် ကျောင်းကိုတော့ မသွားလို့ မဖြစ်ဘူး ...”

ပြောဆိုရင်း ဆောင့်အောင့် ထည့်ပေးသည့် ပိုက်ဆံကိုပဲ ယူလိုက်ရကာ ဒေါ်မြ နေရာမှ ပြန်ထသည်။

“ညည်းက ဓားပြတိုက်တယ်လို့ ဦးအောင်ပြော သိလား ...၊ ငါကတော့ ကြွေးတောင်းရင် ကိုယ့်ကိုယ်ကို သူတောင်းစားဘဝ ပြောင်းသွားပြီပဲ မှတ်တော့တာ၊ အဲဒါပဲ ... ကြွေးယူတော့ ပြုံးပြုံးတောင်းတော့မုန်း ...”

“ဒါ အမှန်ပဲလေ ... ချေးတဲ့ သူတွေကရော မချေးဘဲ နေကြလို့ လား၊ ကြွေးရောင်းတဲ့ ဈေးသည် တွေဆိုတာလည်း သူတို့ ပေးချင်ရင် လာပါ ယူပါနဲ့ ပါးရိုက်ယူလို့ ရတယ် ...”

“မိန်းမချော ရေ ...”

“ပြောပြတာပါ......”

မိန်းမချောက မျက်နှာလေးမော့၍ မျက်စောင်းထိုးသလို မထိုးသလို လွှဲ၍ ...

“အကျိုးလိုလို့ ညောင်ရေလောင်းကြတာ ...”

“ဟုတ်ပေမယ့် ကြွေးဆိုတာကြီးကို လူတိုင်း ပျော်ပျော်ကြီး

ပေးနေကြတာတော့ မဟုတ်ပါဘူးအေ ...”

“လူတိုင်း ပျော်ပျော်ကြီး ယူနေကြတာ မဟုတ်ဘူး ဆိုတာလည်း ထည့်ပြောလေ ...၊ လက်တစ်ဖက်တည်းမှာ ပဲ... လက်ဖမိုး၊ လက်ဖဝါးနှစ်ဖက် ကွဲပြားနေကြတာ သိလား၊ အဲဒါ ပေးမယ် ... ယူမယ်ဆိုတဲ့ သဘောပဲ၊ အမျိုးမျိုးသော နည်းတွေနဲ့ ပေးနေ ... ယူနေကြတာ၊ တစ်ဖက်သတ်တည်း အသံကောင်း မဟစ်စမ်းပါနဲ့ ...”

“အံမယ် .... အံမယ် .... ပြောပုံက ...”

“ဟုတ်တယ်လေ ... လာဘ်ပေး လာဘ်ယူဆိုတာ ပါဠိ၊ ပါဠိဆင့်တွေနဲ့ ပုံကြီးချဲ့ ကြည့်မနေနဲ့ ၊ အဲဒီလက်တစ်ဖက်တည်းနဲ့ ကမ္ဘာကို ရောင်းစားလို့ ရတယ် ...”

“အမလေး .... ကိုယ်နဲ့ တန်ရာတန်ရာ ပြောစမ်းပါအေ ....၊ ကမ္ဘာနဲ့ ချီပြီးတော့ပဲ ...”

“မတန်မရာ ပြောတတ်အောင် တမင်ကို ကျင့်ထားရတာ၊ မတတ်သေးရင် မှတ်သွားဦး၊ အပြောကြီးမှ အပြီးကျောလို့ ရတာ၊ အသံကောင်းများများ ဟစ်ထားတော့ လူရှိန်တာပေါ့၊ လက်တွေ့က အရေးမပါတော့ဘူး ... လေတွေပဲ ...”

“ပြောဟေ့ ... ပြော ... ညည်းရဲ့ လေကို ဘယ်သူမှ လည်း နိုင်အောင် မတိုက်နိုင်ပါဘူး၊ ညည်းပဲ မှန်တယ် ...”

ဒေါ်မြ ထဘီတစ်ဖက်'မ'၍ လက်တစ်ဖက်ခါရင်း ပြောချင်ရာ ပြောသွားသည် ။ မိန်းမချော နှုတ်ခမ်းတွေ ဟိုဘက်ဒီဘက် လွန်ဆွဲ ကျန်ရစ်၏။

ဒီလို မိန်းမကြီးမျိုးကို ပါးစပ်လေး အဟောင်းသားနဲ့ ငြိမ်ငြိမ်ကုပ်ကု

ပ်လေး တောင်းပန်ကြည့်ပါလား ....၊ ပြောဆိုသွားလိုက်မယ့် ဖြစ်ခြင်း...။

"ဒေါ်မြ ဘာလာလုပ်တာလဲ ချော ..."

"သိရဲ့ သားနဲ့ မေးမနေနဲ့ ..."

ဦးဝေဠု မျက်မှောင်ကြီးကုပ်၍ အိမ်ပေါ်တက်လာသည် ။

ဆွဲခြင်းတစ်ဖက်နှင့် တစ်ထောင်တန်လေး သုံးလေးရွက်ကို ပွတ်သပ်ရေလို့ မပြီးနိုင်သည့် မိန်းမချောကို ကြည့်ကာ ရှေ့မှာ ထိုင်လိုက်၍ ...

"နှစ်လုံးထီဖိုး ပေးလိုက်ရလို့ ဈေး မသွားနိုင်တော့ဘူးလား "

"ဘာလဲ .... ရန်ဖြစ်ချင်လို့ မရမက မေးနေတာလား ..."

"ဟ .... မင်း ဘယ်လိုဖြစ်နေတာလဲ ချောရာ ...၊ ကိုယ့်ယောက်ျားကို ဆက်ဆံပုံက ..."

"ယောက်ျားကို ဘယ်လိုဆက်ဆံရသလဲ မေ့တောင် မေ့နေပြီ ..."

"ဘာ ..."

"ကိုယ်ရှာတာ ကိုယ်စားဆိုတော့ ကိုယ့်မှာ ယောက်ျားရှိသလား... မရှိဘူးလား သတိရချိန်မှ မရှိတော့တာ ..."

"မင်းကွာ ..."

ဦးဝေဠု၏ ရင့်ရော်သည့် မျက်နှာမှာ ပို၍ ပျက်ကျသွား၏။

မိန်းမချောက သူ့ထက် ဆယ်နှစ်ကျော် ငယ်သည် ။

အပျိုပေါက် အရွယ်လေးမှာ မအေဆုံးသွားကာ ပထွေးနဲ့ ကျန်ခဲ့သဖြင့် ကိုယ့်အိမ်မှာ အစတည်းက အဝင်အထွက် များ နေခဲ့သည့် သူမကို လူကြီးတွေနဲ့ ပြောဆို တောင်းရမ်းပြီး သူ လက်ထပ်ခဲ့တာပါ။

ဟိုတုန်းတည်းက အိမ်မှာ အဝင်အထွက်ရှိကာ အပျိုဖျန်းကလေးပီပီ သူ့အပေါ်မှာ ရင်းနှီးခဲ့သည် ။

ပထွေးနဲ့ မသင့်တော်တာတွေ သူမြင်ပြီး လက်ထပ်ဖို့ ပြောတုန်းက လည်း သူမကိုယ်တိုင် ဝမ်းသာအားရပဲ ခေါင်းညိတ်ခဲ့သည် ။

သူ့မှာ စီးပွားရေးလေး ဘာလေးနဲ့ အဆင်ပြေနေတဲ့ ကာလတွေမှာ မိ န်းမချောက ချစ်စရာလေးပါ။

သားလေးမွေးပြီး စီးပွားရေးတွေ အားလုံး ယိုယွင်း ပျက်စီးလာတော့ မှ ပုံစံပြောင်းသွားတာ ဖြစ်သည် ။ သူကတော့ ဘယ်အချိန်ဖြစ်ဖြစ် ချစ် လျက် ချစ်ဆဲ ....။

“အခု .... ငါ ကိုမြင့်ထွန်းတို့ ဆီက ပြန်လာတာ ...”

သူ ပြောလိုက်တာနှင့် အားပါးတရကြီးပြောပြီး နေရာမှ ထဖို့ ပြင်လို က်သည့် မိန်းမချော ကိုယ်လေး ငြိမ်ကျသွားသည် ။

“မင်း ဘာဖြစ်လို့ အိမ်နဲ့ ခြံကို ပေါင်ထားတာလဲချော ...၊ ငါတို့ မှာ ဒါ လေးပဲ ရှိတော့တာလေ ...”

“ဒါပဲရှိလို့ ဒါကို ပေါင်ရတာလေ ...”

ထိတ်လန့်သလို မျက်နှာမှာ ခဏလေးပဲ ပျက်ကျသွားသည် ။ ဘယ် တော့မှ ညှိုးရိပ်မသမ်းခဲ့သည့် မိန်းမချော မျက်နှာလေး ဦးဝေဠဘက်ကို ဆတ်ခနဲ လှည့်လာ၏။

“မရှိလို့ ပေါင်နှံစားတိုင်း ဦးဝေဠ ကျွန်မကိုပဲ ဘာဖြစ်လို့ အပြစ်တင် နေရတာလဲ ...၊ ငါမှ ရှာဖွေမကျွေးနိုင်တာဆိုတဲ့ ကိုယ့်ချို့ယွင်းချက်လေး များ နည်းနည်းပါးပါး မြင်ကြည့်ပါလား ...”

"မြင်ပေးလို့ ရအောင် မင်း ငါ့ကို ဘာများ တိုင်ပင်ခဲ့လို့ လဲ ..."

"ရှင်ပဲ ရှင် ပိုင်တာတွေကို ကျွန်မ ပိုင်တယ်ဆို ..."

"အဲဒါနဲ့ ထင်သလို လုပ်ပစ်လို့ ..."

"ကျွန်မ ထင်သလို လုပ်ပစ်တာ မဟုတ်ဘူး ၊ မိသားစုစားဖို့ လုပ်တာ ..."

"မိသားစု စားဖို့ ဆိုရင် စျေးရင်းရမှာ လေ ချောရဲ့ ... အရင်းအနှီးတစ်ခုခု မြှုပ်နှံပြီး ရင်းနှီးထားတာကို တိုးပွားအောင် ရှာရမှာ ..."

"အဲဒါလည်း ကျွန်မ တာဝန်ပဲလား"

" မဟုတ်ဘူး လေ .... ငါလည်း ..."

"တော်ပါတော့ ..."

မိန်းမချောက ရိုင်းပြီဆို သူများ ထက် ရိုင်းသည် ။ ပုံစံလေးက ပိန်ပိန်သွယ်သွယ် ... ဆံပင်ရှည်ကြီးတွေ တင်ပါးအောက်မှာ ဝဲလျက်ယဉ်စစ . ..။

နှုတ်ခမ်းပါးလေးတွေက ပြောလာသမျှ စကားတို့ က ဓားသွားထက်ဆိုး၏။

"ဦးဝေဠု ပြောလိုက်ရင် စျေးရောင်းမယ် ... ရင်းနှီးမယ် ... ဒါပဲ ..."

"စျေးရောင်းမယ်ဆိုတာက ကိုယ့်ခြံထဲမှာ စျေးဆိုင်လေးဖြစ်ဖြစ် ..."

"ဘာပဲရောင်းရောင်း အဲဒါ မိန်းမအလုပ် ... မင်းပဲလုပ်ဆိုပြီး ဒီကောင်မခေါင်းပေါ် ကျမှာ ပဲမို့လား ....၊ ဟွန်း ... အိမ်ဆိုင်ဆိုတာ ပြောတော့သာ လွယ်တာ ... စျေးပြေးဝယ် ... ငါးပိလေးထုပ်လိုက်၊ ဆားလေးထုပ်လိုက်၊ မုန့်ထုပ်လေးတွေ ပြေးချိတ် ... ပြီးတော့ နောက်ဖေးဝင် ... က

လေးကျောင်းကြိုဖို့ ပြေး ...”

“အဲဒါတွေက ငါ ရှိနေတာပဲ ...”

“ရှင်က ယောက်ျားကြီးဖြစ်ပြီး မီးဖိုချောင်ထဲဝင် ... မိန်းမ စျေးရောင်းတဲ့ ဘေးမှာ ခြေဖျားလေး ပုဆိုးထဲ ထည့်ထုပ်၊ ရေနွေးကြမ်း လေးသောက် ...”

“မိချောရာ ... ညည်း ပြောလိုက်ရင်လည်း ...”

“သိနေတာတွေလေ ...”

မိန်းမချောက နေရာမှ ထရပ်ကာ ဆွဲခြင်းကို စားပွဲခုံနဲ့ နဲ့ လေးပေါ် ဒိုင်းခနဲ ဆောင့်ချ၏။

တလှုပ်လှုပ် ခါသွားသည့် စားပွဲက သူ့အခြေအနေ ယိုယွင်းနေပါပြီလို့ ကြားဖြတ် ကြော်ငြာနေသလိုပင် ...။

ဦးဝေဠု စားပွဲကိုကြည့်၍ မသက်မသာ သက်ပြင်းချသည် ။ တစ်ခုခု ပြောချင်လို့ စကားစလိုက်တိုင်း မိန်းမချော အော်ကြီးဟစ်ကျယ် ထလုပ်တတ်တာကို မလိုချင်သည့် သူ့ဘက်ကသာ ပါးစပ်ပိတ် မျက်နှာလွှဲခဲ့ရတာ ထုံးစံ ...။

ချောချောလှလှ နုနုငယ်ငယ်လေးကို မက်မောခဲ့မိသည့် ပြစ်ဒဏ်ပဲ ထင်ပါသည် ။

“အသက်အရွယ် ကွာခြားလွန်းလျှင် အိမ်ထောင်ဖက်အဖြစ် မရွေးချယ်သင့်”ဆိုတာ လူကြီးသူမ ဆိုဆုံးမကြတာတွေ ကြားဖူးသည် ။

ပြီးတော့ အကြီးဆုံးနဲ့ အငယ်ဆုံး လက်ထပ်လျှင် “အိမ်ထောင်ဖက် အသက်မရှည်”ဆိုတာတွေ ...၊

အားလုံးကို သိလျက်နှင့် မသိဘူး .... မကြားဖူးသလို ကန်းခဲ့၏။ နောင်တတော့ မဟုတ်ပေမယ့် မလေးမစား ကျိန်ဆဲပြောဆိုတာ ခံလိုက်ရတိုင်း ရှက်မိသည် ။

တကယ်တော့ သက်ကြီးတို့ ၏ ဆုံးမစကားဆိုတာ မပယ်ရှားသင့်ပါ။ ဒါမှ ဒါ စွဲလမ်း အယူသီးနေဖို့ မဟုတ်ပေမယ့် စဉ်းစားချင့်ချိန်ဖို့ အတွက် ဒါတွေကို မေ့ထားလို့ မရ ...။

"ဟွန်း ..."

ဦးဝေဠုရဲ့ စိတ်ဆင်းရဲခြင်းတွေ မိန်းမချော၏ မဲ့လိုက်သံကြောင့် ပျက်၏။

"ငါ အသက်ကြီးတာပဲဆိုပြီး ဆုံးမစကားတွေတော့ ပြောပါရဲ့ ....၊ ရေရှည်ကြည့်ဖို့ ... ရေတိုကြည့်ဖို့ အမျိုးမျိုးပဲ၊ မိန်းမလုပ်စာ ထိုင်စားပြီး သူတို့ ကောင်းစားဖို့ ရေရှည် ရေတိုတွေ ..."

"ညည်း အဲဒီလို မမြင်ရဘူးလေ ...၊ လင်နဲ့ မယားဆိုတာ မောင်တစ်ထမ်း မယ်တစ်ရွက် ရှိတာပဲကွ ..."

"ကျွန်မကတော့ ရွက်လည်း မရွက်ချင်ဘူး ထမ်းလည်း မထမ်းချင်ဘူး၊ အားကိုးရမလားလို့ ယောကျ်ားယူတာ၊ ကိုယ်ပါ ဝိုင်းရှာနေရရင် ဘာလုပ်မှာ လဲ ...၊ နောက်ပြီး ကျွန်မ ယူထားတာ သူများ လို ရွှယ်တူတန်းတူ ချောချောမောမောလေးလား ..."

ဦးဝေဠု မျက်နှာ တင်းသွားသလို ဖြစ်၏။ ဒါပေမဲ့ ဘာမှ မပြောနိုင်ပေ ...။

"အမှုန့်ကြိတ်စက်လေးနဲ့ မီးသွေးဆိုင်ကြီး ဟီးထနေတာပဲဆိုပြီး အသက်ကြီးကြီး မုဆိုးဖိုကြီးကို ယူခဲ့တာ .... ရှိတာလေးတွေလည်း ကုန်

ရော ... အဲဒါကြီးက ဘာမှ မလုပ်ဘဲ ငုတ်တုတ်ထိုင်နေရော ...”

“မိချော ...”

ဖြတ်မပြောပါနဲ့ ...၊ ဘာလဲ ... ပြီးအောင် ပြောလိုက်ရင် ရှင်ကြီး အရှက်ကွဲမှာ စိုးလို့ လား ...”

သူများကိုဆို ဘယ်တော့မှ စကားဆုံးအောင် ပြောခွင့်မပေးခဲ့ပေမယ့် သူများက တားတော့ အပြစ် ...၊

“ယောက်ျားဆိုတာ အကြံနဲ့ ဉာဏ်နဲ့ မှ အိမ်ထောင်ဦးစီး ယောက်ျားကောင်းလို့ ခေါ်တာ၊ တစ်ခုဆိုတစ်ခုပဲ လုပ်တတ်တဲ့ ယောက်ျား၊ အဲဒီတစ်ခု ပြုတ်သွားရင် ဘာသွားသုံးစားမှာ လဲ ...၊ မိန်းမချောကို လာဆွ မပေးနဲ့ ...၊ မပြောတတ်လို့ မဟုတ်ဘူး ... မပြောချင်လို့ နေတာ ...”

“ရှင် ဒုက္ခ တတာနော် ... ပြီးမှ ကျက်သရေယုတ်တယ် မပြောနဲ့ ၊ ကျွန်မကတော့ ရှင် ရှာမကျွေးနိုင်တဲ့ အတွက် ရှိတာ ပေါင်စားမှာ ပဲ ...၊ ပေါင်လို့ မလွယ်ရင် ရောင်းစားမှာ ...”

“အဲဒါတွေ ကုန်သွားရင်ရော ...”

“မကုန်သေးဘူးဆိုတော့ မမေးနဲ့ ဦး ...”

“ငါတို့ အတွက် မဟုတ်ဘူး ချော ...၊ ငါတို့ မှာ သားလေး ရှိသေးတယ် ...”

“ရှိတော့ရော ဘာဖြစ်လဲ ....၊ သားကို ပူတာအိမ်ထဲမှာ ထိုင်ပူနေလို့ မရဘူး၊ အခု ကလေးကို ကျောင်းဆင်း မုန့်သွားကျွေးဖို့ ကျွန်မ အချိန်မီ ပိုက်ဆံရှာထားတယ် ... ရှင့်မှာ ရှိသလား ...”

မတ်တတ်ကနေ ပြန်ငုံ့ကြည့်ပြီး မေးဆတ်သည် ။ ဦးဝေဠု ဒီအတိုင်း

ပါးစပ်ပိတ်ပြီး ကြည့်နေခဲ့ရ၏။

"အဲဒီတော့ ကလေးအတွက် ရှင်က ပါးစပ်ကပူပြီး ကျွန်မက လက်တွေ့ပူလို့ လုပ်နေရတယ်၊ ကျွန်မဘာသာ ဘာတွေပေါင်ပေါင် ....

ဘာတွေရောင်းရောင်း ... ရှင် ဝင်မပြောဖို့ ပဲ လိုတာ ..."

ပြောဆိုပြီး အိမ်ထဲဝင်သွားသည့် ခြေလှမ်းက အိမ်ကိုပါ သိမ့်သိမ့်တုန်စေ၏။

အကြီးဆုံး ဆိုတဲ့ လူတွေ အဘက်ဘက်က ချင့်ချိန် ပြင်ဆင်နေသမျှ သူတို့ ကတော့"ကြောက်တတ်ရင် လွှဲ ... ရဲရင် မင်းဖြစ်" ဆိုတဲ့ ဆောင်ပုဒ်ကို အလံတင်၏။

"သည်းခံခြင်းသည် အောင်နိုင်ခြင်း"ပါလို့ ဆိုကာမှ "တော်လှန်မှ အဖြေမှန်သည် "လို့ ဆိုလေသည် ။

"ဟွန်း ... ချမ်းသာချင်ပါတယ်ဆိုမှ ဆင်းရဲနေရတယ်၊ ကိုယ့်ဟာကိုယ်ကျတော့ ထွက်မရှာချင်ဘဲနဲ့ မိန်းမကို ခိုင်းစားဖို့ ဆို ထောင့်ကို စေ့နေတာပဲ၊ ဒါမျိုးရမလား ... မိန်းမချောတို့ ဟိုတုန်းကလို မနူးမနပ်လေး မဟုတ်တော့ဘူး"

နောက်ဖေးချောင်ထဲကနေ အော်နေတာတွေ ခုလောက်ဆို ခြေရင်းခေါင်းရင်း ကြားနေကြမှာ ပါ။ ဦးဝေဠ ခေါင်းတရမ်းရမ်းနှင့် ကျောမှီမှာ တစ်ကိုယ်လုံး ပစ်ခတ်မှီလိုက်မိ၏။

ထိုအခါ စုတ်ပြဲနေသည့် ကုလားထိုင် ကြိမ်ကွက်ကြောင့် ကျောပြင်မှာ စူးခနဲ ဖြစ်သွားသည် ။ ကျောပြန်မတ်လိုက်တော့ ဖင်အောက်က ကျွဲခနဲ မြည်လေသည် ။

သူ့မှာ လည်း ချမ်းသာသမျှ ဒါပဲရှိတာကို ....၊ သူမကို ချမ်းသာအောင်

ဘယ်လိုထပ်ပြီး ဖြည့်ဆည်းပေးရမလဲ …။

အိမ်က လေးပင်အိမ်မြင့် ပျဉ်ထောင်ပေမယ့် ရေနံချေးလည်း မသုတ်နိုင်သည့် ပျဉ်ချပ်တွေက စက္ကူဟောင်းတွေနဲ့ တောင် ခပ်ဆင်ဆင် တူနေပြီဖြစ်သည် ။

သွပ်မိုးထားပေမယ့် နောက်ပိုင်း တစ်ပိုင်းလုံးက မိုးသည်းပြီဆို နေရာအနှံ့မှာ ယိုသည် ။

အိမ်ကကျယ်ပြီး ရှိသမျှ အိမ်ထောင်ပရိဘောဂလေးတွေ ကုန်ပြီမို့ အိမ်နဲ့ မတူဘဲ ဘုန်းကြီးကျောင်းနဲ့ တူနေ၏။

အိမ်နဲ့ မိန်းမချောရဲ့ မျက်နှာကို ပူးတွဲမြင်ယောင်ကာ ဦးဝေဠု ရင်ထဲမှာ လေးလံနေပါပြီ။

“ကြောင်အိုတော့ ကြွက်မလေး”ဆိုတဲ့ စကားပုံနဲ့ ပဲ ရိုင်းရိုင်း နှိုင်းရမလား …၊

သူဟာ သစ်ပင်တစ်ပင် ဆိုရင်တောင် အရိပ်မဲ့သစ်ပင် ဖြစ်နေခဲ့သည့်အတွက် ငှက်လေးတစ်ကောင်တောင်မှ ဖြတ်သန်းနားခိုချင်ဖွယ် ရှိလိမ့်မည် မထင် …။

မိန်းမချောဆိုသည့် ဇနီးလေးနဲ့ ရန်ဘက် အမည်ရှိ သားလေးတစ်ယောက်ကို သူ့အရိပ်မှာ ထာဝရ ခိုနားသွားရအောင် ဘယ်လိုလုပ်ရမလဲ …။

သူ တကယ်ပဲ မိန်းမချော ပြောသလို အသက်ကြီးပြီး အသုံးမကျတဲ့ လူ ဖြစ်ခဲ့ပြီလား …။

* * *

# အခန်း (၂)

"ဘာတွေပြောနေတာလဲ မောင်ရယ် ... မောင်က ဘာဖြစ်လို့ အသုံးမကျတဲ့ လူ ဖြစ်ရမှာ လဲ ...၊ မြန်းက သူနာပြုမို့လို့ ဆေးခန်းမှာ အလုပ်ဆင်းရတယ်၊ မောင်က အိမ်မှာ ကလေးတွေကို စာကျက်ဝိုင်း လုပ်ပေးတယ်လေ မြန်းတို့ နှစ်ယောက်စလုံးမှာ ဝင်ငွေ ရှိတာပဲမောင်ရဲ့ ..."

"မဟုတ်သေးဘူး ...."

မြန်း နားမလည်ပေမယ့် သူ ခေါင်းခါမိတာကို သူပဲ နားလည်သည် ။

စံမြန်းဆိုသည့် မိန်းမလှလေးကို သူစွဲလမ်းမိကာ ဒီလို တောမကျမြို့မကျ နေရာလေးမှာ ဘဝကို မြှုပ်နှံခဲ့ပေမယ့် တကယ်တော့ မင်းမျိုးနွယ်ဆိုသည့် သူဟာ ...၊

"မောင်က ..."

ပြောဖို့ ပြင်နေရင်း မထွက်နိုင် ....၊

ဒါတွေကို သူ ဖုံးကွယ်ထားခဲ့တာ သားလေးတောင် ပထမတန်း အောင်ခဲ့ပြီ ဖြစ်သည် ။

ခုချိန်ရောက်မှ ပြောပြတာကို မြန်း ခွင့်လွှတ်နိုင်ပါ့မလား ....၊

"မောင်.... ပြောလေ ..."

"မောင့်မှာ ဦးလေး တစ်ယောက်ကလွဲပြီး တွယ်တာ ငဲ့ညှာစရာမရှိ

တဲ့ တစ်ကောင်ကြွက်ဆိုတာ .....၊ အဲဒါကလေ ...”

“မောင် ညာခဲ့တာလား ...”

မြန်းရဲ့ မျက်နှာလေးကို သူ အလန့်တကြား ကြည့်မိသည် ။

ညာတာကို မကြိုက်သည့် မြန်းရဲ့ မျက်ဝန်းလေးတွေက သူ့ကို စိုက်ကြည့်ပြီး စကားတွေ နောက်ထပ်ပြော၍ စစ်မေးနေသလိုပင် ....။

မှောင်လဲ့နေသည့် ထိုမျက်ဝန်း ညိုလေးတွေကို သူမက်မောခဲ့သည် ။ မည်းခတ် ရှည်လျားသည့် ဆံနွယ်တို့ ဖြင့် သိမ်းလှန်ဖြီးထားတိုင်း လှနေ တတ်သည့် လေးထောင့်ဆန်ဆန် တင်းပြည့်သည့် မျက်နှာလေးကို မြတ် နိုးလို့ မဝနိုင် ...။

မြန်းက ဘာလေး ဝတ်ထားထား လှသည် ...၊ မြန်မာဝတ်စုံလေးနဲ့ ဆို သူမရဲ့ မနိမ့်မမြင့် အရပ်လေးနဲ့ သေသပ်သည့် လမ်းလျှောက်ပုံလေး က ဆွဲဆောင်မှု ရှိ၏။

သူမကို အဖြူအပြာ ဝတ်စုံလေးနဲ့ စပြီး မြင်ဖူးလိုက်တည်းက တမ်း တမ်းစွဲ လိုက်ကြည့်ခဲ့မိတာလည်း သူပဲ ဖြစ်လေသည် ။

“မောင် ညာခဲ့မိတယ် ...၊ မောင့်ကို ခွင့်လွှတ်ပေးပါ မြန်းရယ် ... မင်း ကိုလေ မောင် ရင်ဘတ်ထဲမှာ ထည့်သိမ်းထားချင်လောက်အောင် မြတ်မြတ်နိုးနိုး၊ ချစ်ခဲ့တာ၊ ခုလည်း ချစ်တယ် .... နောက် ဘယ်တော့မှ လည်း ပျက်ပြယ်သွားမှာ မဟုတ်ဘူး ၊ အဲဒါကြောင့် ....”

ပြောပါ မောင် ... မောင်ပြောမယ့် စကားတွေက မောင့်မှာ အိမ်ထော င် ရှိခဲ့ဖူးပါတယ် ...၊ သွားပါရစေတော့ဆိုတဲ့ နှုတ်ဆက်စကား မဟုတ် ဘူး ဆိုရင် မြန်း နားလည်ပေးဖို့ ကြိုးစားမှာ ပါ ...”

“မြန်း ရယ် ...”

သူ ပျော်သွားသည် ။

သောက်ရေကန်ဆိုသည့် ကန်ဘောင်ကြီးရဲ့ ဘေးမှာ ရေခပ် အဝတ်လျှော်နေကြသည့်လူတွေ စည်ကားသော ညနေဆည်းဆာချိန် ဖြစ်ပေမယ့် ပတ်ဝန်းကျင်ကို သတိမေ့၍ သူမကို ဖက်ထားလိုက်မိ၏။

“မောင် .... အဲဒီလိုလူစားမျိုး မဟုတ်ဘူး မြန်း ....၊ ညာခဲ့တာက မင်းကို ချစ်လွန်းလို့ ပါ။ တကယ်တော့ မောင့်မှာ မိဘတွေ ရှိတယ်၊ ဘိုးစဉ်ဘောင်ဆက် စုဆောင်း ပြည့်လျှံနေတဲ့ အမွေအနှစ်တွေနဲ့ မောင်က တစ်ဦးတည်းသောသား ...”

“ဟင်”

မြန်း မျက်ခုံးလေးတွေ တွန့်ကျသွားကာ ဖက်ထားသည့် သူ့လက်ကို ဖယ်၍ လှည့်ကြည့်သည် ။

“မောင်က ....”

“ဟုတ်တယ် ...၊ မောင်က သူဌေးသား ...”

ဒါပေမဲ့ သူ့ကိုယ်သူ ဘယ်တုန်းကမှ ဂုဏ်မယူခဲ့တဲ့ သူဆိုတာ မြန်းကို ယုံစေချင်မိသည် ။ ဒီဂုဏ် ပကာသနတွေကြောင့် သူ့ဘဝမှာ လွတ်လပ်မှု အရာရာကို ဆုံးရှုံးခဲ့ရသည် ။

သူငယ်ချင်းကောင်းတွေ ....၊ သူ့ရဲ့ ပျော်ရွှင်ခြင်းတွေ ....။

“သူငယ်ချင်းဆိုတာ ငါ နားမလည်ဘူး ... ငါ နားလည်တာ အပေါင်းအသင်းပဲ၊ သာမှ ပေါင်းတာ ... အသင်းဖွဲ့ပြီး ရှုပ်ပွေတာ၊ အပေါင်းအသင်းဆိုတဲ့ အုပ်စုတစ်ခု ဖွဲ့မိရင် သိက္ခာမရှိ၊ ကလေကချေဆန်တဲ့ စရိုက်တွေနဲ့ အပျော်အပါးတွေ ဖက်လာကြတာပဲ၊ အလကား ...”

ဘယ်အရာကို ဖြစ်ဖြစ် ပကာသန မျက်မှန်တပ်၍ ကြည့်တတ်သည့် ဘဘ ဦးမြတ်ခေါင် ....၊

မေမေက အငယ်ဖြစ်ကာ ဘဘခေါင်က မေမေ့ထက် ကိုးနှစ်ကြီးသည့် အစ်ကိုကြီး ...၊ ညီမလေးကို အသည်းပေါက်မတတ် ချစ်ပေမယ့် စိတ်ဓာတ်ချင်းကျတော့ မောင်နှမနှစ်ယောက်က တခြားစီ .....။

ဘဘခေါင်သည် တစ်ခါတစ်ရံ ဘယ်သူမှ မထင်တာတွေ ဆုံးဖြတ်လုပ်ကိုင်တတ်ပေမယ့် သူ့ရဲ့ အမြဲတမ်းတရားက ဆင်းရဲတဲ့လူတွေထဲမှာ ကိုးဆယ်ရာခိုင်နှုန်းက အောက်တန်းကျ၏။

"လူ ဆင်းရဲသလောက် အောက်တန်းကျတယ်" ဆိုတဲ့ စကားကို အားမနာတမ်း ပက်ပက်စက်စက် ပြောတတ်တဲ့ သူ ဖြစ်သည် ။

ဒါပေမဲ့ ဖေဖေကတော့ ဘဘခေါင်ရဲ့ စက်ရုံမှာ လက်ထောက် မန်နေဂျာဖြစ်ကာ မိဘတွေကလည်း ဝန်ထမ်းတွေပဲမို့ မေမေ့ အခြေအနေနဲ့ ဆိုလူဆင်းရဲ ဘဝမျိုးပါပဲ ...။

ဒါကို ဘဘခေါင်က မငြူမစူ လက်ခံခဲ့သည် ။ တင့်တင့်တယ်တယ် ထိမ်းမြားပေးခဲ့ပြီး ဖေဖေ့ကို လုပ်ငန်းတစ်ခု ထူထောင်ပေးခဲ့၏။

မေမေတို့ အိမ်ထောင်ရေးကို ဤကဲ့သို့ သဘောထားကြီးသည့် ဘဘခေါင်ဟာ သူ့အလှည့်ကျမှ ခြေလှုပ် ခြေပြော ... လက်လှုပ် လက်ပြော .... ။

သူ ထိုင်ဆို ထိုင်မှ ....၊ သူ ထပါဆို ထမှ ...။

ဖေဖေနဲ့ မေမေက ဘဘခေါင်၏ ဆန္ဒမှ လွဲ၍ သူ့အတွက် ဘာမှ အဆင်ပြေအောင် လမ်းပြ ဦးဆောင်ပေးခဲ့တာ မရှိပေ ...။

ထို့ကြောင့် သူငယ်ချင်းတွေ လူစုမိတုန်း ပြဿနာတစ်ခုနဲ့ ရိုက်ပွဲတွေ

ဖြစ်ကြတော့ ဘဘခေါင်နဲ့ သူ ပြဿနာတက်သည် ။

အချုပ်ခန်းထဲက လာထုတ်ပေးခဲ့ပြီး အိမ်ကကားနဲ့ ပြန်မခေါ်ဘဲ တက္ကစီပေါ် တင်သည် ။

ခြံဝမှာ ပဲ စောင့်ခိုင်းပြီး သူ့ပစ္စည်းတွေ အကုန်လုံး တံခါးအပြင်ထိ ထုတ်ပေး၏။

"မင်းကို လာထုတ်ပေးခဲ့တာ ငါတို့ "သမာဓိ"စံအိမ်ရဲ့ ဂုဏ်သိက္ခာ အတွက်ပဲ၊ မင်းရဲ့ တန်ဖိုးကို မင်းကိုယ်တိုင် သတ်မှတ်တဲ့ အတွက် စံအိမ်ကို မင်း ပြန်လာဖို့ မလိုဘူး ...၊ ငါတို့ စံအိမ်မှာ "မင်းမျိုး"ဆိုတဲ့ ကောင်ကို နာမည်တူတောင် မခေါ်မိအောင် နေလိုက်မယ် ....၊ လုံးဝ လှည့်မကြည့်နဲ့ ... သွားတော့ ...."

ဒါတွေ သူပြောပြတော့ မြန်းက တအံ့တဩ ဖြစ်နေခဲ့လျက် ...၊

"အဲဒါကြောင့် ..."

"ဟုတ်တယ် ...၊ မောင် လမ်းပေါ်မှာ မကျင်လည်ဖူးဘူး၊ ပိုက်ဆံလည်း တစ်ပြားမှ မရှိဘူး၊ ဒါပေမဲ့ မာနတော့ ရှိတယ်၊ မင်းနဲ့ တွေ့တဲ့ အချိန်မှာ အလုပ် မည်မည်ရရ မရှိဘဲ ကလေကချေ ဖြစ်နေရတဲ့ ဘဝလေ ...၊ အဲဒါကြောင့် မင်းကိုလည်း အဲဒီဘဝနဲ့ ပဲ ကိုယ်ချစ်ခဲ့တာ၊ မင်း ကိုယ့်ကို ထားခဲ့ပြီး တာဝန်ကျတဲ့ ဆီ ပြန်သွားတော့ ကိုယ် မနေနိုင်တော့ဘူး ..."

"အဲဒါကြောင့် မောင့်ကို အဖြေမပေးခဲ့တာ ...၊ မြန်းရဲ့ ဘဝကလည်း ဆွေမျိုးတွေကောင်းလို့ ပညာတတ် ဘွဲ့ရတစ်ယောက် ဖြစ်ခဲ့ရတာ ... သူနာပြုအလုပ်ကို ဝါသနာပါလို့ လုပ်ခဲ့ပေမယ့် သူတို့ တွေ ရင်ကျိုးကုန်အောင် မလုပ်ချင်ဘူးလေ ...၊ ပညာလည်း တတ်ရော၊ ချစ်သူ ရှာသွားတ

ယ် ဆိုပြီးတော့ ...”

သူ ပြုံးလိုက်မိသည် ။ မြန်းနဲ့ သူ့အဖြစ်က ပတ်ဝန်းကျင် အသိုင်းအဝိုင်းရဲ့ ရိုက်ခတ်မှုနဲ့ တွေ့ခဲ့ကြသည် ။ လေလည်း ရောရော မိုးလည်း ပါလျက် ....၊ ဒီနေ့ထိ မပြိုမကွဲ ရှိနေခဲ့ကြပေမယ့် လက္ခယ်ည သန်းခေါင်ယံမှ ချုံတိုး လမ်းလျှောက် နေရသလိုပါလား ...။

ဘယ်ခြေလှမ်းမှာ ဆူးစူးမိမလဲ ... ၊ ပုလင်းကွဲ နင်းမိမလဲဆိုတာ မသေချာ ...။

“ဒါပေမဲ့ မြန်းဆီ မောင်လိုက်လာတာ မြင်လိုက်တော့ ဘယ်လိုလုပ်ပြီး ငြင်းနိုင်တော့မှာ လဲ ...”

ပြောပြီး သူ့ရဲ့ ပခုံးစွန်းမှာ ခေါင်းလေး ဖေးတင်၏။

“မောင် ... အခု ဒါတွေ ပြောပြနေတာ ...၊ ဘာလုပ်မလို့ လဲဟင် ....”

“မင်းတို့ သားအမိ ခုလို ဆင်းရဲနေကြတော့ မောင် လိမ်ညာထားခဲ့မိတဲ့ ကိစ္စက အပြစ်ကြီးလာသလို ခံစားမိနေတယ် ....”

“ဟိုတုန်းက မောင် အဲဒီလို ခံစားမိခဲ့လို့ လား ...”

“အင်း .... မောင်တို့ နှစ်ယောက်တည်းတုန်းက ဘာမှ မတွေးခဲ့ဘူး၊ ကိုယ်ချစ်တဲ့ သူနဲ့ နှစ်ယောက် အတူတူ နေရတဲ့ ဘဝမှာ ဆင်းရဲတယ်ဆိုတာ ဘာကို ခေါ်တာလဲလို့ တောင် စိန်ခေါ်ချင်ခဲ့တာ ...”

မြန်းက ပြုံးလိုက်ပြီး ခေါင်းညိတ်သည် ။ သူကတော့ ပြုံးနေရင်း မခံချင်သည့် မျက်နှာနှင့် ....

“ဒါပေမဲ့ သားကို မွေးပြီးတဲ့ နောက်ပိုင်းတွေမှာ မောင့်သားလေး မပြည့်စုံတာတွေ ဖြစ် လာလေ ... နာကျင်ရလေပဲ၊ မောင် ကြီးပြင်းလာခဲ့တဲ့

ဘဝနဲ့ မောင့်သားလေး ကြီးပြင်းလာရတဲ့ ဘဝက ...”

“မောင် ...”

မြန်းက မှီနေသည့် ခေါင်းလေးကို မတ်လိုက်ပြီး သူ့မျက်နှာကို ကြည့်သည် ။

“မောင်နဲ့ မြန်းတို့ က ဘဝကို ခြေဗလာ လက်ဗလာနဲ့ စခဲ့ကြတာ ....၊ သားလေးကို ခုလို ပြုစု ပျိုးထောင်ခဲ့ကြတာ ဒါ မြန်းတို့ ရဲ့ စစ်မှန်တဲ့ အင်အားပဲ မောင်ရဲ့ ... ဒီလို တောနယ်လေးမှာ မြန်းတို့ အခြေအနေက ဒီလောက်လည်း မနိမ့်ကျပါဘူး ...”

“လကုန်ရင် ကြွေးမြီတင်တာတွေ ဆပ်ဖို့ ကုန်းကျုံးရှာနေရတာ ဆင်းရဲခြင်းပေါ့ မြန်းရာ ...၊ ဒါတွေကို သားလေး မြင်တွေ့ နေရတာတောင် မကြိုက်ဘူး ...”

“မြင်ပါစေ မောင် ...၊ ဘဝကို တန်ဖိုးထားတတ်အောင် ပညာလည်ဖို့ ... အသိကြွယ်ဖို့ အားလုံးက အခြေခံ လူတန်းစားတွေနဲ့ အများကြီး သက်ဆိုင်ပါတယ်၊ ချမ်းသာတဲ့ မိဘတွေက မွေးတော့ အဲဒီကလေးများ သူ့ဘဝကို မိဘကပေးတယ်လို့ ထင်တယ်၊ လူဆင်းရဲက မွေးလာတဲ့ ကလေးတွေကတော့ သူ့ဘဝက သူ့ခြေထောက် ကလေးပေါ်မှာ ပဲ ရှိတယ်လို့ နားလည်သွားမယ် ...”

မြန်းက သူ မတွေးမိခဲ့သည့် ဘဝကို ဖန်ဆင်းခဲ့သော အမျိုးမျိုးသော သဘာဝတွေ အကြောင်းကို စိတ်ရှည်လက်ရှည် ပြောပြသည် ။

“မိဘဝတ္တရားဆိုတာ သူတို့ တွေရဲ့ တစ်ဘဝလုံးကို ချမ်းသာအောင် ဖန်တီးပေးနိုင်ဖို့ တော့ မဟုတ်ပါဘူး၊ မောင်ရယ် ... ကြိုးစားရှာဖွေရင်းနဲ့ အောင်မြင်လာတာလည်း ရှိမယ် ...၊ ခက်ခဲ ကြန့်ကြာတာတွေလည်း

ရှိမှာ ပေါ့ … ”

ဒီအတွက်နဲ့ မောင် စိတ်ဆင်းရဲနေဖို့ မလိုပါဘူး …။

ရွှေတုံးကလေး ချထားသလို ဝင်းနှစ် ဖြူနုသည့် မျက်နှာလေးသည် သူ့အတွက် အမြဲတမ်း ပြုံးနေတတ်သည့် အေးမြခြင်းတို့ ဖြင့် ရင်ကို ငြိမ်းချမ်းစေခဲ့လျက် ….

“မောင့်ကို လုပ်ငန်းရှင် သူဌေးကြီးဆိုတဲ့ ဘဝမျိုးနဲ့ ဖြစ်သွားရင်တော င် မြန်း ခုလို သာယာချမ်းမြေ့ နိုင်ပ့ါမလား မသိဘူး၊ မောင်က ချောတယ် ၊ ပြောဆိုသွားလာတဲ့ ဟန်ပန် အမူအရာတွေကအစ ဆွဲဆောင်မှုရှိတဲ့ ယောက်ျား …၊ မောင့်ကို သူဌေးကြီးအဖြစ်နဲ့ ဘယ်လိုလုပ် စိတ်ချရမှာ လဲ ….”

“မောင် စိတ်ချမ်းသာအောင် ပြောပေးနေတာလား မြန်း …”

“ဟင့်အင်း … မြန်း စိတ်ချမ်းသာတဲ့ ဘဝမျိုးကို ပြောပြတာ …၊ မောင် ထားခဲ့တဲ့ မာနတွေနဲ့ ဆက်ပြီး ရပ်တည်ပါ၊ မြန်းကတော့ ချိန်ခွင်လျှာ တစ်ဖက်စောင်းသလိုမျိုး အနိမ့်အမြင့် ကွာခြားသွားမယ့် အလွှာနှစ်ရပ်ကြားမှာ မနေချင်ဘူး … အဲဒါကြောင့် မောင် မေ့ထားခဲ့တာ တွေကို ဆက်ပြီး မေ့ထားလိုက်ပါ …”

“မြန်းရယ် …”

ပကာသန မဖက်ဘဲ ဖြူစင်စွာ ချစ်ခဲ့သည့် မြန်းရဲ့ ရင်ထဲကို မြင်လိုက်ရတော့ အတိုင်းအဆမရှိ ပျော်သွားမိ၏။

သူ မြန်းရဲ့ ဆံပင်ရှည်တွေကို ဆွဲယူနမ်းလိုက်ရင်း ….

“အဲဒါမှ မောင့်မဟေသီ …”

“မောင်နော် .... သီချင်းနာမည်ကြီး”

ဒီလိုပြောတိုင်းပဲ မြန်းကလည်း ဒီတိုင်း ပြန်ရစ်နေကျ ...။

မင်းမျိုးက ရယ်လိုက်ပြီး မျက်နှာငုံ့လာလျှင် ....

“တွေ့လား .... ဟိုမှာ လူတွေနဲ့ ...”

“ဘာဖြစ်လဲကွာ .... မောင်က ဆံပင်တွေကို နမ်းနေကျ ...”

“နမ်းနေကျလည်း အိမ်ကျမှ နမ်း .... သူများ တွေက နားလည်မှာ မဟုတ်ဘူး သိရဲ့ လား ...”

“မသိဘူး .... ခုနကပဲ နမ်းပြီးပြီ .... ”

“မောင်ကကွာ .... ဖယ် လွှတ် ...၊ ပြန်ရအောင် ....”

“ဟုတ်သားပဲ ... သား စောင့်နေလောက်ပြီနော် ...”

နှစ်ယောက် အတူတူ ထရပ်လိုက်ပေမယ့် မြန်းရဲ့ ပခုံးကို ဖက်ထားဆဲဖြစ်ကာ ....

“ရန်ကုန်မှာ ဆို မောင်တို့ လျှောက်လည်စရာတွေနဲ့ ဒီထက်ပို လွတ်လပ်မှာ နော် ...”

“ဒီထက် လွတ်လပ်တော့လည်း ဒါပဲ မောင်ရာ ... ရန်ကုန်မှာ လူရှုပ်မျက်စိရှုပ်နဲ့ ...”

“ဘာလဲ .... ဒါပဲ မောင်ရာဆိုတာ ဘာကို ပြောလိုက်တာလဲ ...”

“အို ... မောင့် ...”

ပခုံးကို ကိုင်ပြီး မျက်နှာချင်းဆိုင် ဆွဲလှည့်လိုက်တာနှင့် သိပ်မဝေးသည့်နားက မျက်လုံးတွေ သူတို့ ဆီ အော်တိုမစ်တစ် ရောက်လာကြသည် ။

မြန်းက ဖယ်ချင်ပေမယ့် မင်းမျိုးက မလွှတ်ဘဲ ...

"မင်းက မောင့်ကို ရင်မခုန်တော့ဘူးလို့ ပြောချင်တာလား ....၊ မြန်မြန် ပြင်ပြောနော် ..."

"မောင်ရယ် ... မဟုတ်ပါဘူး ... ကလေးကျနေတာပဲ ..."

"ကလေးက လူကြီးတွေ ချစ်သလို ချစ်တတ်မလားကွ ...၊ မေးတာကိုပဲ ဖြေပါ၊ ပတ်ပြေးမနေနဲ့ ...."

"အင်း ဖြေပါ့မယ် ..."

မြန်းကပဲ ချော့မော့သလို ပြုံးပြကာ သူ့လက်တွေကို ဖယ်ချရသည် ။

"လင်မယား ဖြစ်နေကာမှ ချစ်တာ မုန်းတာတွေကို အိမ်မှာ နှစ်ယောက်တည်း ပြောလို့ ရတာပဲ မဟုတ်ဘူး လား ..."

"မတူဘူး .... တူရင်လည်း ပြောချင်တာပဲ၊ အချိန်တိုင်း ပြောနေချင်တာ ... ဘယ်သွားသွား ပခုံးလေးဖက်ပြီး ... အသည်းယားတိုင်း ငုံ့ငုံ့နမ်းချင်တယ် ..."

"အဟွန်း ..."

"လူတွေ မြင်မှာ စိုးပြီး ရှက်နေတဲ့ မျက်နှာလေးကို မရမက ဆားပြတိုက်ပြီး နမ်းချင်တာ"

"မောင်ကလည်း ..."

"မင်းက မောင့်အနမ်းတွေကို ရင်မခုန်ချင်လို့ လား .... ပြော ..."

"တွေ့လား .... ဒါပဲ ..."

"မင်းမှ မဖြေတာ ..."

"အိမ်ရောက်ရင် တော်ပါတော့လို့ တားယူ ရလောက်အောင် ပြော ပေးမယ်၊ မောင့်ကို မြန်း ဘယ်လောက် ချစ်တဲ့ အကြောင်း ...."

"အိုကေ ..."

မောင် ရယ်လိုက်တိုင်း မျက်နှာ မသိမသာ မော့သွားတတ်တာကို မြ န်း မကြာခဏ ငေးမိခဲ့၏။

တစ်ခါတလေ မလုံမလဲ ရှက်ရယ်ရယ်တာမျိုးဆို နှာခေါင်းတစ်ဖက် တွန့်၍ လက်နဲ့ ပွတ်တတ်သေးသည် ။

မောင့်ပုံစံ .... မောင့်နေထိုင်ပုံမျိုးနဲ့ .... လူပျိုမဟုတ်ပါဘူး ပြောရင် တောင် မသိတဲ့ လူဆို ယုံဖို့ မလွယ်ပေ ...။

"ဘာကြည့်နေတာလဲ၊ လူကို ..."

"အရမ်း ရုပ်ဆိုးလို့ ..."

"မင်း စိတ်မချမှာ စိုးလို့ ပါ ..."

"မောင် ..."

"ပြော ...."

"မြန်းတို့ ကို ထားပြီး ရန်ကုန် ပြန်သွားဖို့ တော့ စိတ်ကူး မရှိပါဘူး နော်"

"လုပ်ပြီ ..."

"ဖြေပါ .... အဲဒါတစ်ခုပဲ"

"မောင့်ဘဝကိုသာ မေ့ချင် မေ့ထားလိုက်မယ်၊ မင်းနဲ့ သားကို ဘယ် တော့မှ မမေ့ဘူး ..."

ပြောပြီးတော့ ဆံပင်တွေကို မြန်းရဲ့ ကျောထက်ကနေ တယုတယ ဆွဲယူပြီး ရင်ဘတ် လှလှလေး တစ်ဖက်မှာ ဖေးတင်စေလျက် .....

"မင်းက ... မောင့်ရဲ့ အမြဲတမ်း မဟေသီ ..."

"သီချင်းတွေ ရွတ်နေပြန်ပြီ ..."

"တကယ် အရမ်းကို ချစ်တာ ....၊ မောင့်မိန်းမကို မြင်လိုက်တိုင်း ဒီဆံပင်ရှည်ကြီးတွေရယ် ... အဲဒီက ကြီးပုံပေါ်နေတဲ့ နဖူးလေးနဲ့ မျက်ဝန်းညိုလေးတွေရယ် ..."

"အဲဒါတွေ အလှပျက်ကုန်ရင်ရော ..."

"မောင့်ရင်ထဲမှာ သပ်ရိုက်ထားသလို စွဲနေပြီးသား၊ ဘယ်တော့မှ မပျက်ဘူး ...."

မင်းမျိုးက မြန်းရဲ့ နဖူးလေးကို မနာအောင် လက်ပြန်ထု၍ လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်၏။

ဆံပင်ရှည်တိုင်း မလှကြသည့် မြန်မာ မိန်းကလေးတွေထဲမှာ ကိုယ့်ချစ်သူမှာ သာ ပြီးပြည့်စုံသည့် အလှတွေနဲ့ ပါ .....။

ဆံပင်ထူပြီး နုနွယ်နေလျက် ပိတုန်းရောင် လက်နေတာက ထူးခြားသည် ။ ပြီးတော့ အဖျားရှူးသွားတာမျိုးလည်း မဟုတ် ...၊ ဆံလုံးကြီးကြီး ခပ်ပွပွဆံပင်မျိုးလည်း မဟုတ်ပေ ....။

ကိုင်ကြည့်နေရင်း ကိုင်ချင်သည် ။ မြတ်မြတ်နိုးနိုး ဆွဲယူကိုင်တွယ်ရင်း နမ်းရှိုက်ချင်၏။ ထို့ကြောင့် မြန်းရဲ့ ဆံပင်တွေကို သူ မြတ်နိုးခဲ့လေသည် ။

မြတ်နိုးထိုက်သော ကောင်းခြင်းအဖြာဖြာနှင့် စံမြန်းဆိုသော

ဇနီးချောလေး၏ အနာဂတ်ကို သူ ဒီထက် ပို၍ လှပအောင် ဖန်ဆင်းပေး ချင်သော်လည်း ...။

* * *

# အခန်း (၃)

"ဆရာ ..."

"ဟင် ... ပြော ... ဘာလဲ ..."

"သားတို့ ရည်းစားထားလို့ ရပြီလား ..."

"အံမာ ... ကိုးတန်းလေး အောင်ပြီးတာနဲ့ ဒီကောင် ပိတ်ထုခံရတော့မယ် ..."

"ဟား ... ဟား ... ဟား ..."

"ဆရာပဲ စာမေးပွဲ အရေးကြီးနေတာကို ရည်းစားစာပေးဖို့ အချိန်ရသေးတယ် ဟုတ်လားလို့ မေးပြီး သားကို စာအုပ်နဲ့ ရိုက်တယ်လေ ...."

"အဲဒါနဲ့ ပဲ စာမေးပွဲပြီးရင် ထားလို့ ရပြီဆိုတဲ့ သဘော သက်ရောက်သွားရောလား ..."

"ဟုတ် ..."

"ဟာ .... ငါ့ ..."

"ဟား ... ဟား ... ဟား ..."

ကျောင်းသားတွေ တစ်ယောက်လက် တစ်ယောက်ဆွဲပြီး ပြေးထွက်သွားကြတော့ သားနဲ့ မြန်းတို့ ပြန်လာကြပြီဖြစ်ကာ ....

"မောင့်ကျောင်းသားတွေ ဘာတွေ သဘောကျသွားကြတာလဲ ..."

"အလကား ကောင်စုတ်လေးတွေ ...."

မင်းမျိုးက ရယ်နေရင်း ပုဆိုးပြင်ဝတ်၏။ သားလေးက အမှတ်တမဲ့ ဖအေ့ခြေထောက်ကို ပြေးဖက်လိုက်ကာ ....

"ဖေဖေ့ ..."

"ဟ ... သွားပြီ"

"အယ် .... သား ...."

ရုတ်တရက်မို့ ပုဆိုးကို ပြန်ဆုပ်ဖမ်းရင်း မင်းမျိုး ဟိုက်ခနဲ ကုန်းကွသွား၏။ မြန်း မျက်နှာလေး လွှဲပစ်လိုက်ရင်း ပခုံးလေးတွေ လှုပ်အောင် ရယ်၏။

"သားကကွာ ..."

"ဖေဖေကလည်း ဘာဖြစ်လို့ လဲ ..."

"သား အရမ်း လုပ်လိုက်တော့ ဖေဖေ့ပုဆိုး ကျွတ်သွားတာပေါ့ကွ ကံကောင်းလို့ ..."

"မကျွတ်သေးပါဘူး၊ ဖေဖေရာ ..."

"ဟုတ်တယ်လေ ... ဒီမှာ မနည်း လိုက်ဖမ်းထားရတာ၊ ကံကောင်းလို့ ...."

"ဖေဖေ ကံကောင်းတာ မဟုတ်ပါဘူး၊ သားသားက ညှာလိုက်လို့ "

"ဟုတ်ပါတယ် ကျေးဇူးရှင်လေးရယ် ... ကဲ ..."

မင်းမျိုးက သားကိုဖက်၍ ကုလားထိုင်မှာ ထိုင်ပြီး ရင်ခွင်ထဲသွင်း ဖက်ထားလိုက်၏။

“ပြောပါဦး ဖေဖေ့ ကျေးဇူးရှင်လေး ….၊ ဈေးသွားကြတာ ဖေဖေ့အတွက် ဘာပါလဲ …”

“ဘာမှ မပါပါဘူး ဖေဖေရာ …၊ မုန့်စားချင်တာကို မေမေက ဝယ်မကျွေးဘူး …”

“ဟင် … ဟုတ်လား …”

“ဟုတ်တယ် … ဒီနေ့ ဖေဖေ့ကို ဖေဖေ့တပည့်တွေ လာကန်တော့ကြမှာ တဲ့ ၊ မုန့်တွေပါလာရင် သားသား အားလုံးစားရမှာ မဝယ်နဲ့ တော့တဲ့ …”

သားအမိ သားအဖ သုံးယောက်စလုံးရဲ့ အကြည့်တွေက စားပွဲပေါ်မှာ တင်ထားသည့် မုန့်ထုပ်တွေဆီ တန်းရောက်သွားကြသည် ။ မြန်းကတော့ မချိုမချဉ်လေး ပြုံးကာ ဆွဲခြင်းလေးကိုင်၍ နောက်ဖေးထဲ ဝင်သွား၏။ ရွာမှာ ခုနစ်ရက်မှာ တစ်မနက်ပဲ ဈေးတန်းလေး မြင်ရသည် ။

ဒါတောင် အထက်တန်းကျောင်းရှိသည့် ရွာမကြီးဘက်ကို ကူးသွားရတာ ဖြစ်သည် ။ ထို့ပြင် ကျန်းမာရေး ဆေးခန်းကြီးကလည်း ရွာမမှာ ပဲရှိကာ သူနာပြုတွေကျတော့ တစ်ရက်ဆင်း တစ်ရက်နားမို့ တစ်ပတ်မှာ သုံးရက် လေးရက်ပဲ အလုပ်ဆင်းရ၏။

ထို့ကြောင့် အားတဲ့ အချိန်တွေမှာ လင်မယားနှစ်ယောက် အဆင်ပြေသလို သင်ပေးဖို့ အိမ်မှာ ပဲ စာကျက်ဝိုင်းလေး လုပ်ထားတာ ဖြစ်၏။

မောင့်ကို အပြင်အလုပ်တွေ မြန်း ဘာမှ မခိုင်းခဲ့ပေ …။ ဒီရွာမှာ အလုပ်မရှိတဲ့ ယောကျ်ားတိုင်း လုပ်ကြရတဲ့ အလုပ်တွေက နေပူစပ်ခါးမှာ ချွေးထွက်မများ ဘဲ ပိုက်ဆံမရ …။

မောင့်ပုံစံနဲ့ မောင့်လက်ဖဝါးလေးတွေက ထင်းတစ်စတောင် ခွဲရက်ခိုင်းစရာ မရှိတော့ ရွာမှာ မြန်းက ထူးဆန်းသည့်မိန်းမ ဖြစ်နေခဲ့၏။

ဘာပဲဖြစ်ဖြစ် မောင့်အတွက် အဆင်ပြေမယ့် အလုပ်လေးတော့ မြန်းရှာကြံနိုင်ခဲ့တာမို့ ခုတော့ ပြောတဲ့ ပါးစပ်တွေလည်း ညောင်းသွားကြပြီထင်သည် ။

ဈေးခြင်းလေးကို စားပွဲပုလေးပေါ် တင်ကာ ဆန်တစ်ဘူးခွဲ ထည့်လိုက်၏။ ပြီးတော့ မီးမွှေးပြီးသား မီးသွေးဖိုပေါ် တင်ကာ ဆွဲခြင်းထဲက ဝယ်လာတာတွေကို ဆန်ခါလေးထဲ တစ်ခုစီ ထုတ်ယူ စီလိုက်၏။

ငါးပိရည် တို့ စရာတွေပဲ များ နေလျက် ...၊ ကြက်အသည်းအမြစ်လေး နှစ်စုံကိုတော့ ကြွေဇလုံလေးထဲ သပ်သပ်ထည့်လိုက်၏။

ဒါက မောင်တို့ သားအဖအတွက် သီးသန့် ဆီပြန်လေးချက်ဖို့ ဖြစ်သည် ။ သူမအတွက် ဘာတွေလုပ်လုပ် မောင်နဲ့ သားကသာ အဓိကပါ။

"ဒါကတော့ သားမေမေက လူလည်ကျတာပဲကွ ..."

"အဲဒါ ဖေဖေ ရှင်းလိုက်တော့ ... သားသား မုန့်တစ်ထုပ် စားပြီနော် ...”

သားရဲ့ အသံက အပြင်ကဖြစ်ကာ မောင်က မြန်းရဲ့ ဘေးကို ရောက်နေပြီ ဖြစ်၏။

"ဟိတ်"

"အာ ... မောင်ကလည်း အရမ်းပဲ ..."

အနားကပ်ထိုင်ပြီး ပခုံးနဲ့ တိုက်ချလိုက်သဖြင့် မြန်း ခုံပြားလေးပေါ်ကနေ ဘေးတိုက်လေး လဲသွား၏။

သူက ပြန်ဆွဲထိန်းပြီးတာနှင့် ခါးကို သိမ်းဖက်လိုက်ကာ ....

"သားမုန့်ဖိုး ကိုယ့်ထဲက ပါသွားပြီဆိုတော့ ဒီနေ့ မင်း ကိုယ့်ဆီမှာ ကြွေးတင်သွားပြီ ..."

"ဘာကြွေးလဲ ... သွား ...၊ သူများ ဆီကဆို ဘာကပ်တောင်းရမလဲပဲ သိတယ် ..."

"ဟုတ်တယ် ...၊ မင်းဆီက ဘာရရ အကုန်လုံး လိုချင်နေတာ ..."

ပြောပြီး ပါးလေးတစ်ဖက်ကို နမ်းသည် ။ ပြီးတော့ ဆံပင်တွေထဲ မျက်နှာလှည့် နှစ်၍ ....

"ဟာ ... မောင် သွားတော့လေ ...၊ အပြင်မှာ သားလေး မြင်သွားလိမ့်မယ် ..."

"သူ့ကို မောင် ငြိမ်ဆေး ပေးထားတယ်၊ အထဲဝင်လာမှာ မဟုတ်ဘူး . ..."

"မဝင်လည်း မရဘူး .... သွားကွာ ...၊ ဒီမှာ ချက်ပြုတ်စရာတွေ အများကြီးပဲ ..."

"ဘာလဲ .... ဆံပင်တွေ နမ်းတာ မရဘူးလား ....၊ ဒီမှာ မင်း ယောက်ျားနော် ...."

"သိတယ် ...၊ ဆံပင်တွေပဲ နမ်းနေတဲ့ အဲဒီပုဂ္ဂိုလ်က စံမြန်းရဲ့ ယောက်ျားဆိုတာ ..."

"ဟာ ... မောင့်မိန်းမအသံက ဆံပင်တွေပဲ နမ်းနေလို့ ကာလကြာရှည်စွာ မကျေနပ် ဖြစ်နေခဲ့ပုံပဲ ..."

"အံမယ် ..."

“ဒါဆိုလည်း ရတယ်နော် ...၊ ဘယ်လို ကြင်နာရမလဲပြော ... အနစ်နာခံပြီး ကူညီပေးမယ်”

“သွား ...”

မြန်း သူ့ကိုယ်ကြီးကို တံတောင်လေးနဲ့ ပြန်တွန်းပစ်လိုက်ပြီး တအားရယ်သည် ။ မင်းမျိုး ဘေးကို ပက်လက်ကြီး လက်ထောက် ကျသွားကာ ပြန်ထဖို့ မေ့လျော့ရင်း တဟားဟား ရယ်နေဆဲ ....

“ဟာ ... ဖေဖေနဲ့ မေမေ ဘာလုပ်နေကြတာလဲ ....”

“သား ...”

“မေမေက ဖေဖေ့ကို ဘာလုပ်လိုက်တာလဲ ...”

“ မဟုတ်ဘူး သား ...”

“ဒါဆို ဖေဖေက မေမေ့ကို လုပ်လိုက်တာလား ...”

“ဟာ ... မဟုတ်ဘူး ...၊ မင်းမေမေ ဖေဖေ့ကို အနိုင်ကျင့်တာ ...”

“မောင်နော် သားကို လျှောက်ပြောနေတယ် ....၊ ဘာမှ မဟုတ်ဘူး သား ...၊ ဟိုလေ ....”

မတ်တတ်လေး ရပ်ရင်း တစ်လှည့်စီ ကြည့်နေသည့် သားကို ရုတ်တရက် ဘာပြောရမှန်း မသိဘဲ ....

“သားဖေဖေက မေမေ ထိုင်နေတာကို ခုံဝင်လုလို့ သူ့ဟာသူ အရှိန်လွန်ပြီး လဲတာ ...”

ခုံဆိုတော့ မြန်း ထိုင်နေသည့် ဖင်ထိုင်ခုံပြားလေးဆီ သားမျက်လုံးလေး ရောက်သွားသည် ။

ပြီးတော့ ဖအေကို သနားသည့် မျက်ဝန်းလေးတွေနဲ့ ကြည့်ကာ ....

"ဖေဖေက ခုံလုတမ်း ကစားချင်လို့ လား ..."

"ဟာ ... မဟုတ်ဘူး သား ...၊ မဟုတ်ဘူး ..."

ဖြေရှင်းရင်း မင်းမျိုး ကမန်းကတန်း ပြန်ထရပ်၏။ သားကတော့ ဖအေကို သနားနေဆဲ ရှိပုံနှင့် ....

"မေမေက သားသားတို့ စားဖို့ ဟင်းချက်နေရတာ ခုံလုတမ်း ဘယ်လိုလုပ် ကစားမလဲ ဖေဖေရ ...၊ သားသားနဲ့ ဖေဖေ အပြင်ထွက် ကစားမယ်လေ၊ သားသား ခုံယူခဲ့မယ် ..."

"ဟာကွာ ..."

မင်းမျိုး မျက်နှာ ရှုံ့မဲ့သွားသည် ။ ပြီးတော့ ခဏခဏ ကျွတ်နေတတ်သည့် ပုဆိုးကိုပဲ ပြင်ဝတ်နေရသဖြင့် ....

"လာပါ ဖေဖေရာ ... မေမေနဲ့ ခုံမလုနဲ့ တော့ ..."

"အင်း ... လာပြီ သား ... မဆွဲနဲ့ ..."

လူကို ပြေးဖက်တော့မှ သိကာ ပုဆိုးဝတ်ခြင်းကို ကမန်းကတန်း ပြီးစီးလိုက်ရ၏။ သားအဖ နှစ်ယောက်ကို ကြည့်ရင်း မြန်းက ရယ်လို့ မပြီးနိုင် ...။ အတူတူ ဆော့မယ်ဆိုတော့ သားက ဝမ်းသာအားရ အရင် ပြေးထွက်သွားလျှင် ....

"မောင်နော် .... ပုဆိုး မနိုင်တာကိုလည်း ပြင်ဦး ....၊ တော်ကြာ လူကြားထဲကျမှ မဟုတ်တရုတ်တွေ ဖြစ်ပြီး အချုပ်ထဲ ရောက်နေဦးမယ် ..."

"မသိဘူးကွာ ...၊ ဘောင်းဘီတွေပဲ ဝတ်တတ်ခဲ့တာ ပုဆိုးနဲ့ ဘယ်လိုမှ ကို အဆင်မပြေဘူး ..."

"သားပဲ လူပျို ဖြစ်တော့မယ် ..."

"ဟုတ်တယ် ...၊ ဒီတိုင်းပဲ ဖြစ်နေမှာ ဘယ်လိုလုပ်ရမလဲ ..."

"ဟွန်း ..."

"အဲဒါ .... မင်းကြောင့် ...."

"ဘာ .... ဘာဖြစ်လို့ မင်းကြောင့်လဲ ..."

မြန်းက ပြူးတူးပြဲတဲ လှည့်မေးတော့ မျက်နှာက မချိုမချဉ်နှင့် ....

"မဆိုင်ဘူးလား ....၊ မသိဘူးလေ .... ဆိုင်သလားလို့ "

ပြောပြီး သူ့အပေါ်အင်္ကျီကို ချွတ်၍ မြန်းရဲ့ မျက်နှာလေးဆီ လုံးထွေး ပစ်ပေါက်လိုက်၏။ အတွင်းခံ စွပ်ကျယ်ချိုင်းပြတ် အဖြူလေးနှင့် ထွက်သွားသည့် မောင့်နောက်ကျောကို ကြည့်ကာ သူမ ပြုံးလိုက်မိသည် ။

သားနဲ့ ဆော့ဖို့ အိမ်ရှေ့ ထွက်တော့မယ်ဆို အပေါ်အင်္ကျီချွတ်၍ ဒီလိုပဲ မြန်းရှိနေတဲ့ နေရာထိ လာပြီး လုံးထွေး ပစ်ပေါက်ပေးနေကျ ...။

မြန်းကလည်း ဘာအလုပ်တွေပဲ လုပ်လက်စ ဖြစ်နေနေ .... စိတ်မအား လူမအား ဘယ်လိုရှိရှိ .... မျက်နှာဆီ သို့မဟုတ် ရင်ခွင်ထဲကို လုံးထွေး ရောက်လာတတ်သည့် မောင့်အင်္ကျီက ကိုယ်သင်းနံ့ကြောင့် အမောပြေခဲ့ရသည် ။

မောင်ဟာ မြန်းရဲ့ မငြိုမငြင် မြတ်နိုး တွယ်တာခဲ့ရသော ....၊

* * *

# အခန်း (၄)

"မြတ်နိုးတွယ်တာလွန်းလို့ တော့ ဟုတ်မလား သိတာရဲ့ ...၊ အိမ်ထောင်ရေးတစ်ခုပဲ အရေးကြီးတာမှ မဟုတ်တာ၊ ကဲ .... ပြောစမ်းပါ .... အဲဒီ အကြားအမြင်ဆရာကြီးဆိုတာ ဘယ်ရွာမှာ လဲ ..."

သိချင်တာရှိလို့ သာ မေးရသည် ။ ရှင်းပြရတာကို စိတ်က သိပ်ရှည်တာ မဟုတ် ... ၊ ဒီမိန်းမတွေကလည်း သတင်းကောင်း ပေးချင်ကြလို့ မဟုတ်ဘူး ဆိုတာ သူမ သိသည် ။

ကိုယ့်ဆီက ရသမျှစကား အကုန်နှိုက်မည်၊ ပြီးတော့ ရွာထဲမှာ အတင်းအဖျင်းလည်း ပြောမည်။

"ငါ ပြောလည်း ဘာထူးမှာ လဲ မိန်းမချောရယ် .... 'ရွာမကန်'ဆိုတာ ဒီကနေ လမ်းမတော်ထိ သုံးမိုင် လျှောက်သွားရမယ် ...၊ ပြီးတော့ ကားကြုံစီး၊ ပြီးတော့ မိုင်တိုင် ခုနစ်ဆယ်မှာ ဆင်း ...၊ ပြီးတော့ ရွာမကန်ရွာကြီးကို ဆက်သွားဖို့ က ..."

"ကဲ ... အဲဒါတွေ ငါသိတယ်လေ ... ၊ နင် အခု ပြောလိုက်လို့ လည်း အဆင့်ဆင့် ဘယ်လို သွားရမယ်ဆိုတာ သိသွားပြီ၊ ရွာမကန်ကို ရောက်ရင်သာ ဆရာကြီးကို ဘယ်လိုရှာရမလဲ ပြော ..."

"ဟဲ့ နင် တကယ် သွားမှာ လား ... အဝေးကြီးကိုဟယ် ... ၊ အသွားအပြန်ဆို နေ့ချင်းပြန်ဆိုရင်တောင် ..."

"မိုးပဲချုပ်ချုပ် .... သန်းခေါင်ဖြစ်ဖြစ် အဲဒါငါ့ကိစ္စ ... ၊ ပြောမှာ သာပြော ..."

"နင့်ယောက်ျားက ဖြစ်ပါ့မလား ..."

"ငါ့ယောက်ျားကိစ္စ ငါပူရမှာ လား ... နင် ပူမှာ လား ...."

တကယ်က မိန်းမချော အကြားအမြင် ဆရာကြီးဆီ ဒီလောက် အရေးတကြီးသွားပြီး မေးမြန်းဖို့ ရှိနေတာ ဘယ်လို အကြောင်းမျိုးလဲ အရမ်းကို သိချင်နေတာ ဖြစ်၏။

မိန်းမချော အရမ်းလည်မှန်း သိလို့ တည့်တည့်လည်း မမေးရဲပေ ...။

မိန်းမချောကလည်း သိသည် ၊ ဒီလောက်တောင် စပ်စုချင်နေသလား ဆိုပြီး မျက်နှာကို လက်ညှိုးထိုး မေးချင်တာ လျှာတွေ ယားနေ၏။ ဒါပေမဲ့ သိချင်တာရှိတော့ မျိုသိပ်နေရသည် ။

တစ်ယောက်နဲ့ တစ်ယောက် မရိုးသားစွာ ချိတ်ဆက် ပြောနေမိကြရင်း ....

"ငါ သွားတော့မယ် ..."

"မိန်းမချော .... ဟဲ့"

"စကားပြောရင် ဟဲ့ ... ဟဲ့ ... နဲ့ မပြောစမ်းပါနဲ့ ၊ ခံရခက်လိုက်တာ"

"အမလေး ငါတို့ ရွာမှာ ဒီလိုပဲ ပြောနေကြတဲ့ ဥစ္စာ ...."

"ဘယ်လိုပြောပြော ငါကတော့ နားကြားပြင်းကတ်တယ် ..."

ဒီနားမှာ ရွာကြီး ရွာငယ်တွေမှ အများကြီးပါ။ မိန်းမချောကလည်း ဒီဝန်းကျင်က ရွာသူပဲ ဖြစ်သည် ။

ဒါပေမဲ့ တောနဲ့ မတန်လောက်အောင် အလှသွေးကြွယ်ခဲ့သည့် သူမ

က နာမည်ကိုက မိန်းမချော ....။

ဘယ်ကလေးနဲ့ မှ မတည့်အောင် စီးကြောတတ်သည့် အကျင့်က ခုချိန်ထိကို မပျောက်ခဲ့ပေ ...။

"ငါ အဖော် လိုက်ခဲ့ပေးရမလား မေးမလို့ ပါ မိန်းမချောရယ် မေးလို့သာ ပြောလိုက်ရတာ ငါက ဒီလောက် အဝေးကြီးကို နင် သွားမယ် မထင်ဘူး ...၊ ဟို ... ဘာတွေ အရေးတကြီး မေးစရာ ရှိလို့ လဲ ..."

"နင်လည်း အဲဒါမသိရရင် တံတွေးတောင် မျိုကျနိုင်မယ့်ပုံ မပေါ်ဘူးပဲ၊ ငါ့ကိစ္စနဲ့ ငါ ဘာမေးမေး ... ဘာလုပ်လုပ် ... နင်တို့ အလုပ် မပါပါဘူး ..."

နောက်မှာ ဘာတွေပြောကျန်ခဲ့ ကျန်ခဲ့ လှည့်ထွက်လာခဲ့သည် ။ 'ရွာမကန်'ခေါ် ရွာမကြီးက မသွားဘူး မလာဘူးတဲ့ နေရာတော့ မဟုတ်ပေ . ... ။

ငယ်ငယ်ကဆို လှည်းကြုံတွေ ကားကြုံတွေနဲ့ ခဏခဏ ရောက်ဖူးခဲ့၏။

ဆယ့်နှစ်နှစ် သမီးတုန်းကတောင် သံစူးသည့် ဒဏ်ရာကြောင့် အဖျားတွေကြီး သတိလစ်ကာ ရွာကိုလာသည့် ဒေါ်သည် ရဲ့ ဂျစ်ကားလေးနဲ့ ရွာမကြီးက ဆေးခန်းမှာ တစ်ရက် သွားတက်ခဲ့ဖူးသေးသည် ။

ဒါပေမဲ့ အခု ရောက်လာတော့ ပြောင်းလဲနေတာတွေကြောင့် မေးတော့မေးရပါ၏။

"သမီး .... ဘာသိချင်တာလဲ ..... အိမ်ထောင်ရေးလား .... စီးပွားရေးလား ...."

ဆရာကြီးရှေ့မှာ ထိုင်လိုက်တာနှင့် မေးခွန်းက တန်းထွက်လာ၏။

ပြီးတော့မှ ....

"ဘာနေ့သမီးလဲ .... နာမည် ပြောပါဦး ..."

"နာမည်ကတော့ မိန်းမချောလို့ ခေါ်ပါတယ် ... ဒါပေမဲ့ စနေသမီးပါ"

စီးပွားရေးနဲ့ အိမ်ထောင်ရေးတွေ ဘယ်လောက်ထိ ဆိုးဝါးနေတာ ပြောပြပြီး မေးကြည့်တော့ ဆရာကြီးက ခေါင်းတစ်ချက် ညိတ်သည်။

မျက်လုံးတွေ ခဏ မှိတ်လိုက်ပြီး ငြိမ်သက်နေပြီးမှ .....

"အင်း .... ကျုပ်က ဗေဒင် ဟောစားနေတဲ့ လူ မဟုတ်ဘူး ၊ ဒုက္ခ သောက ဖြစ်နေတဲ့ သူ တွေ့ရင်တော့ ကျုပ် သွားရင်းလာရင်း တတ်နိုင်တဲ့ ဘက်က ကယ်တင်ပေးတယ် ဆိုပါတော့ ..."

"ဟုတ်ကဲ့ပါရှင့် ..."

"ညည်းက မကောင်းဘူး ဆိုပေမယ့် ခုချိန်မှာ ညည်းရဲ့ ကံဇာတာ လာဘ်ပွင့် စန်းပွင့် ဖြစ်နေတာပဲ ..."

" ရှင် ..."

"မကြာခင်မှာ အကောင်းဆုံးတွေကို ရရှိလာလိမ့်မယ် ..."

"ရှင် .... ဟုတ် .... ဟုတ်ကဲ့ ဆရာကြီး .... ဟုတ်ကဲ့ ..."

"ဒါပေမဲ့ ဘာသာရေးကို မမေ့ပါနဲ့ ...၊ လူတွေဟာ ကိုယ်လုပ်သမျှ အောင်မြင်လာတဲ့ အခါ ဘုရားမေ့၊ တရားမေ့ ဖြစ်အောင် မာန်ကြွလာတတ်တယ် ဒုက္ခရောက်တဲ့ အခါ ဘုရား'တ'သလို ပျော်ရွှင်ကျေနပ်နေတဲ့ အခါမှာ လည်း ရတနာသုံးပါး ဂုဏ်ကျေးဇူးကို အောက်မေ့ဆင်ခြင်နေရတယ်၊ ဘုန်းရောင် ကံရောင်ဆိုတာ ကျောက်ရိုင်းတုံးနဲ့ ကျောက်သွေးသမားလိုပဲ ..."

ဆရာကြီးက ဆုံးမစကားတွေ ပြောခဲ့ပေမယ့် ဟောကိန်း ထုတ်တာ တော့ ဒါပဲ ဖြစ်၏။ ဒီထက် သိချင်ပေမယ့် ဒါနဲ့ ပဲ လှည့်ပြန်ခဲ့ရ၏။

"ဘယ်လိုလဲ ...၊ ဘာတွေ ဟောလိုက်လဲ မိန်းမချော ဟင် ..."

"အိမ်ကအဘိုးကြီးနဲ့ ပြဿနာတွေတက်လို့ မနည်း ရှင်းခဲ့ရတယ်၊ ဒီမှာ .... စပ်စုချင်ရင်လည်း မျက်နှာရိပ် မျက်နှာကဲလေး ခတ်ဦး ..."

"သြော်ဟယ် ... နင်ကလည်း ဦးဝေဠုကြီးကဖြင့် နင် ပြောသမျှ ငုတ်တုတ်ခံနေတဲ့ သူပါ၊ နင်ချည်းပဲ ပြော လာပြီး ဒေါသ ထွက်နေသေးတယ် ..."

သီတာနဲ့ မရင်လှတို့ ကလည်း သိချင်စိတ်ကို ဖုံးဖိမနိုင်အောင် ဖြစ်နေကြကာ ထဘီတစ်စ မပြီး ထွက်လာသည့် မိန်းမချော သွားတဲ့ အတိုင်း မဝှံမရဲ ကပ်ပါလာကြကာ ....

"အခု နေစောင်းကာမှ ဘယ်သွားမှာ လဲ ...၊ ဗေဒင် မေးလာတာတွေ ယတြာချေဖို့ လား ..."

မိန်းမချော ခြေလှမ်းတွေ ရပ်သွား၏။

သူမတို့ ပါ ရပ်သွားကာ မိန်းမချောကို လန့်ဖျပ်ပြီး မျက်နှာတွေပါ ငယ်ကုန်ကြ၏။

ဒါပေမဲ့ သူမ မကျေနပ်နေတာက အရပ်မျက်နှာ ပြောင်းသွားခဲ့လျက် ....

"ဘာယတြာမှ ချေဖို့ မပါဘူး ... မိသီတာ အပြောကောင်းလို့ သွားလိုက်ရတာ၊ ပိုက်ဆံကုန် အချိန်ကုန် ... ပြန်လာတော့ အဘိုးကြီးက ဟိန်းလား ဟောက်လား လုပ်တာ ခံရသေးတယ်၊ ဟွန်း ..."

"ဟယ် ..... မရွှေမိတို့ လင်မယားတော့ မှန်လွှန်းလို့ ဆိုပြီး မပြန်ခင် သွားကန်တော့မလို့ ဝယ်ခြမ်း နေလိုက်တာတွေမှ အများကြီး ..."

"ကောင်းတာတွေပြောတိုင်း မြောက်ကြွနေကြတာ ဖြစ်မှာ ပေါ့၊ သူတို့ မှာ ဗေဒင်ဆရာ ဖြီးဖြန်း ဟောတာလေးတွေနဲ့ ပဲ မစားရ ဝခမန်း ဖြစ်နေကြတာ၊ အလကား ဗေဒင်ဆရာ ..."

"ဗေဒင်ဆရာ မဟုတ်ပါဘူး ...၊ အကြားအမြင်ဆရာပါ ..."

"ဘာလဲ ... ဘာအကြားအမြင်လဲ ....၊ လူကို စိုက်ကြည့်ပြီး သမာဓိနဲ့ နှာဘူးနေတာလား ...၊ အလကား တကယ့်ဘူးကြီး ..."

"မဟုတ်သေးပါဘူး၊ မိန်းမချောရယ် ... နင့်ကို ဘာတွေ ဆိုးဆိုးဝါးဝါး ဟောလွှတ်လိုက်လို့ လဲ ..."

"အမလေး .... ဟား .... ဟား .... ဟား ...."

မရယ်ချင်ဘဲ လက်ခုပ်လက်ဝါးတီး ရယ်တော့ ကြားနေရတဲ့ သူကို ခံရခက်စေလျက် ....

"ငါ့ကိုများ မရွှေမိ မှတ်နေသလား ရင်လှရယ် ... ဟောလိုက်တာမှ ကောင်းတာတွေချည်းပဲ၊ မကောင်းတာ ဘာမှ မပါဘူး၊ နင်တို့ အမြင်ပဲလေ ... ငါ့မှာ အိမ်လည်း ပေါင်ထားရတယ်၊ ချဲကြွေး ထီကြွေးတွေရော ... အဘိုးကြီး သိတာတွေ၊ မသိတာတွေ လည်ပင်းခိုက်နေတာပဲ့ါရော ..."

"အင်း ... အဲဒါ ဘာတဲ့ လဲ ..."

"အဲဒါတွေ ဘာမှ မပါဘူး၊ လာဘ်ပွင့် ကံကောင်းနေတယ်တဲ့ ၊ နောက်လည်း ကောင်းဦးမှာ တဲ့ ..."

"အေးလေဟာ ... နင် ကောင်းလာမှာ ကို ဟောတာနေမှာ ပေါ့..."

“ဟဲ့ ... ဗေဒင်ဆိုတာ ရှေ့ဖြစ်နောက်ဖြစ် အားလုံး ဟောပြရတယ် လေ၊ ရှေ့ဖြစ်ခဲ့တာတွေ မှန်နေမှ နောက် ဘာဖြစ်မယ်လို့ သူပြောရင် ယုံစရာဖြစ်မှာ ပေါ့၊ ငါ့ကို ဘာမှ မဟောဘူး၊ လူကို နှာဘူးကျပြီး ကောင်းတာတွေချည်း ဟောတယ် ...”

သီတာနဲ့ မရင်လှတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြသည် ။ ဗေဒင်ဆရာကြီးဆိုသူကို သူတို့ မမြင်ဖူးပေမယ့် မရွှေမိတို့ လင်မယားကတော့ ကြည်ညိုလွန်းလို့ ဆိုတာတွေ ပြောမကုန်နိုင် ...။

“မဟာနဖူး ကျယ်ကျယ်နဲ့ မျက်ခုံးမွေးကြီးတွေ ရှည်ကျနေတာ၊ မျက်ခွံပေါ် ပြန်အုပ်တယ်တော် ...၊ တကယ့် ဂန္ဓာရီသမားကြီးလိုပဲ ... မျက်လုံး ပေါက်က ကျဉ်းပြီး တဖိတ်ဖိတ်ကို လက်လို့ .....”တဲ့ ... ။ မိန်းမချောက တော့ ပြောချလိုက်တာ မကြားဝံ့ မနာသာတွေပါလား... ။

“ငါကတော့ ကောင်းတာတွေ ဟောတိုင်း မြောက်ကြွ ပျော်ရွှင်သွားမယ့်လူ မဟုတ်ဘူး သီတာ၊ တောကြိုအုံကြားမှာ နေပေမယ့် အထူအပါး တော့ နားလည်သေးတယ် ....”

ပြောပြီး ခြေလှမ်းတို့ ကို ရှေ့ဆက်လှမ်းတက်ဖို့ ထဘီတစ်စ'မ'၍ စတင်၏။

ပြီးတော့ ....

“ဘယ့်နှယ် ... ဒုက္ခရောက်လို့ သွားပါတယ်ဆိုမှ လူကို ငမ်းပြီး နေ့ချင်းညချင်းပဲ သူဌေးဖြစ်တော့မလိုလို .... လာသေးတယ် .... ပြီးတော့ ဘုရားတရား မမေ့နဲ့ တဲ့ ၊ သူတော်ကောင်း ယောင်ဆောင်ပြီး ဟစ်လိုက် သေးတယ် ...”

ကျစ်ဆံမြီး ကျစ်ချထားသည့် တင်ပါးပေါ်က ဆံစဖျားတွေ တန့်နွဲ့ခါ

နေအောင် ကြမ်းပုံကြမ်းတမ်း လျှောက်သွားရင်း ပြောသွားတာတွေက ကြားလို့ မတော် …။

"မိချောတို့ က ဆင်းရဲတာကိုများ နောင်တရနေမယ် ထင်လို့ လား … ဝေးသေးတယ် …၊ ဟွန်း ….. ချမ်းသာလာရင်လည်း အဲဒါ ကိုယ့်ဘုန်း ကိုယ့်ကံကြောင့်ပဲ၊ ဘာကြောင့်မှ မဟုတ်ဘူး …"

"အဲဒီမိန်းမတော့ သွားပြီ ထင်တယ် …"

မရင်လှက တစ်စတစ်ဆုံး ကြည့်နေပြီးမှ ကောက်ချက်ချ၏။အဝါနုရောင် ခပ်ညံ့ညံ့ ပါတိတ်ထဘီ ရှန်သားအဝါရောင် အင်္ကျီလေးနှင့် ဆံပင်တွေကလည်း ရှည်တော့ မိန်းမချော ကိုယ်လုံးလေးက ထင်းနေအောင် ပေါ်သည် ။

ဒါပေမဲ့ နောက်က ကြည့်တော့သာ လှသည် ၊ ရှေ့က ကြည့်မည်ဆိုလျှင် အယုတ္တာ အနတ္တာတွေ ပြောနေသည့် မျက်နှာက ခုလောက်ဆို ဘယ်လိုပုံ ဖြစ်နေမည်လဲ မသိ ….။

"ဦးဝေဠုကို ယူပြီး ချမ်းသာဖို့ ကြံတာလေ …၊ မချမ်းသာရလို့ ရူးသွားတာ နေမှာ ပေါ့ …"

"ဟုတ်ပ …. အဲဒီလို မိန်းမမျိုး တွေ့ဖူးပါဘူး …၊ ကိုယ်နဲ့ ညားမှ ကိုယ့်ရဲ့ လင် ကံမကောင်းလို့ မွဲသွားတာ သူက ရှက်ရမှာ …"

"ရှက်ပါလိမ့်မယ် အားကြီး …၊ ဦးဝဠုကို ဘယ်လိုကွဲရမလဲပဲ စဉ်းစားနေတာ တစ်ရွာလုံး သိတယ်၊ ဟိုလူကြီးကလည်း သစ်ငုတ်တိုကြီး ကျနေတာပါပဲအေ …၊ ငယ်ငယ်လေးကို ရထားပြီး ရတနာထုပ် ကောက်ရထားတယ်များ ထင်နေသလား မသိဘူး …"

"ဦးဝေဠုက အစတည်းက လူအေးကြီးပါအေ …၊ အဲဒီလိုလူမျိုးတွေ မိ

န်းမချောလို မိန်းမနဲ့ တွေ့ရင် ရုပ်သေးရုပ် ဖြစ်ကုန်ကြတာပါပဲ၊ သူ့သား လေးကျတော့ တကယ့် မအေတူသား ... ဖအေနဲ့ ရုပ်ရော ... စိတ်ရော ဘာမှ တူတာ မရှိဘူး၊ သူခိုးဂျပိုးလေး ဖြစ်မှာ ပဲ ...”

တောသူ တောင်သားတွေပီပီ စကားပြောတာ အဆင်တန်ဆာမပါ။ ဝက်ဝုတ္တိလည်း ကင်းကြ၏။

ဒါပေမဲ့ တဲ့ တိုး ပြောတတ်လွန်းတော့လည်း ရိုင်းရာကျ၏။

အားလုံးထဲမှာ အရိုင်းဆုံးဖြစ်သည့် မိန်းမချောကတော့ တဲ့ တိုးပြော တတ်ဆုံးပဲလား .....။

* * *

# အခန်း (၅)

"မထူးပါဘူးအေ ... ငါ တဲ့ တိုးပဲ ပြောတော့မယ်၊ ညည်းသွင်းထားတဲ့ ပိုက်ဆံလေးတွေ ငါ ပြန်အမ်းရတော့မယ် ..."

"ရှင် ...."

မြန်းရဲ့ မျက်နှာလေးကို မကြည့်ရက်သလို မျက်နှာလွှဲလိုက်ရင်း သက်ပြင်းချ၏။

"ငါတကယ် ညည်းတို့ လင်မယားလေးကိုပဲ ရစေချင်ခဲ့တာပါ၊ ဒါကြောင့် ပိုက်ဆံပိုတာလေး ဖွဲ့ဖွဲ့သွင်းထား ...၊ အိမ်တစ်လုံးဖိုး ကျေတာနဲ့ အရောင်းအဝယ် စာချုပ်လေးနဲ့ လွှဲပေးဖို့ ငါစီစဉ်ခဲ့တာပေါ့ ..."

"မြန်းကလည်း ဘာစာချုပ်စာတမ်းမှ မရှိဘဲနဲ့ မမဌေးကို ယုံယုံကြည်ကြည်နဲ့ ပိုက်ဆံ သွင်းခဲ့တာပါ၊ တစ်ဝက်ပဲ ကျိုးတော့မယ် မမဌေးရယ် ..."

"ဟုတ်ပါတယ် .... ငါကလည်း အခု ညည်းသွင်းထားတဲ့ ပိုက်ဆံကို တစ်ပြားတစ်ချပ်မှ မလျော့ဘဲ စာရင်းဇယားနဲ့ ပြန်အမ်းမှာ ပါ ...."

"မြန်း အဲဒီလို စာရင်း တိကျဖို့ အတွက် ပြောနေတာ မဟုတ်ပါဘူး... "

"ငါကလည်း မပြောချင်ဘဲ ပြောရတာပါ ညီမရယ် ... ဒီအိမ်ကို ရောင်းမယ်လို့ ကြားပြီး ငါ့ယောက်မ ရောက်လာတာ ညည်းအမြင်ပဲ၊ အခု ငါ့

မှာ အိမ်ငှား တင်ထားတာလို့ လိမ်ပြောထားရတာ ...”

“မတိုက်တွန်းချင်ပေမယ့် နောက်တစ်နှစ်လောက် ဆက်လိမ်ပေးပါလား မမဋ္ဌေးရယ် ....”

“မရလို့ ပါ မြန်းရယ် ... ဒုက္ခပါပဲ ...၊ ငါက မပြောချင်ရတဲ့ အထဲ ညည်းက တောင်းပန်နေပြန်ပြီ ...”

“မြို့ကြီးတွေမှာ လို မဟုတ်တော့ ဒီအိမ်ကဆင်းပြီး တခြားအိမ် ရွှေ့ဖို့ ကလည်း မလွယ်ဘူးလေ၊ မောင်ကလည်း ခုတလော ဓားထိလိုက် ... လှေကားကျိုးလို့ ပြုတ်ကျလိုက်နဲ့ ခဏခဏ ဖြစ်နေတာ ...၊ သားလေးကလည်း ဖျားလိုက်တာ ကျောင်းတောင် ကောင်းကောင်း တက်ရတယ် မရှိပါဘူး ...”

“ကံဆိုးမိုးမှောင်ကျပြီဆို ဒီလိုပဲ မြန်းရဲ့ ....၊ ကံကောင်းခြင်းတစ်ခု ရဖို့ မလွယ်ပေမယ့် ကံဆိုးပြီဆို အကုသိုလ်က အလုံးလိုက် အခဲလိုက် အဖော်အပေါင်းနဲ့ ဝင်တာ ...”

“မမဋ္ဌေး ယောက်မက ဒီအိမ်ကို မရောင်းရဘူးတဲ့ လား ဟင် ....”

“ဟုတ်ပ့ါမလားအေ .... သူ့ယောက်ျားက ငါ့မောင်ဆိုတော့ ... ကိုပေါ မရှိတော့ပေမယ့် ကလေးတွေအတွက် သူလည်း သက်ဆိုင်ကြောင်း လာပြောတာပေ့ါ၊ အမွေခွဲတာပေ့ါ ... ရှင်းပြီလား ...”

မြန်း ဘာပြောရမှန်း မသိတော့ပါ။ တောရွာလေးမို့ ကိုယ်ရမှာ လို့ တွက်ထားပြီးသား အိမ်လေးတစ်လုံးကို လက်လွှတ် လိုက်ရမယ်ဆိုရင် တခြား ထပ်ရှာဖို့ က မလွယ် ....။

“ကိုယ့်အိမ်ဆိုလည်း ခြေရင်းတစ်ခြမ်း မကောင်းတာကို ပြင်ပါလား ပါလားနဲ့ ပြောတော့ ငါ့မှာ အခက်တွေ့တာပေ့ါ၊ ငါက ညည်းယူနိုင်မှာ ပဲ

ထားထားတာလေ ...”

မြန်းကလည်း နေလို့ ရသေးလို့ မပြင်တာပါ၊ ပြီးတော့ ပိုက်ဆံက တစ်ဝက်တောင် မကျေသေးဘဲ ကိုယ့်အိမ်ကိုယ့်ရာလို ထပြင်လိုက်ရင် မမငွေး တစ်မျိုးမြင်မှာ စိုးလို့ ....”

“ဟုတ်ပါတယ် .... ဒါတွေ အခု ပြောနေလည်း မထူးတော့ပါဘူး မြန်းရယ် ... နင်တို့ ပြောင်းဖို့ ရွှေ့ဖို့ ပဲ နေရာရှာကြပါအေ ... နော် ...”

“မြန်းတို့ ဘယ်ကို ပြောင်းရမှာ လဲ မမငွေးရယ် ...”

မငွေးဦး စိတ်မကောင်း ဖြစ်သွားသည် ။

မြန်းတို့ လင်မယား နှစ်ယောက်စလုံးဟာ လူငယ်လေးတွေ ဖြစ်သလောက် ကြင်ကြင်နာနာ ရိုင်းပင်း ကြိုးစားနေကြတာမို့ သူမ ခင်မင်မိ၏ ။

ကိုယ်က အိမ်ထောင်ရေးကံ မကောင်းခဲ့တော့ မြန်းတို့ ကို ပို၍ ဖေးမကူညီချင်ခဲ့၏။ ဒါကြောင့်လည်း ကိုယ့်အတွက် အပန်းမကြီးသည့် ကိစ္စလို့ သဘောထားပြီး သူမတို့ ကို အိမ်ပေါ်နေခွင့် ပေးထားခဲ့တာ ဖြစ်သည် ။

အစက ဒီအိမ်လေးမှာ အဘွားတို့ မြေးအဘွား နေကြတာဖြစ်ကာ အဘွားဆုံးသွားတော့ တူမလေးကို သူ့အဖေဘက်က ဆွေမျိုးတွေ လာခေါ်သွားကြသည် ။ မိဘတွေ ကျန်ရစ်သည့် လယ်ယာ ကွဲနွားကစ၍ အိမ်ခြံမြေတွေအဆုံး တစ်ကိုယ်ရေ တစ်ကာယ ကျန်ရစ်ခဲ့သည့် သူမ လက်ထဲမှာ သာ ကျန်ရစ်လေသည် ။

ဒါပေမဲ့ ယောက်မနဲ့ ကလေးတွေက ရှိသေးသည် မို့ သူတို့ မှာ လည်း ပြောခွင့်ရှိသည် ဖြစ်ရာ ....

“ခက်တော့တာပဲအေ .... ငါကလည်း သူတို့ သားအမိကို ငွေမချေးနိုင်ဘူး၊ သူတို့ က မြို့ပေါ်တက်ပြီး အလုပ်လုပ်ချင်ကြတာ၊ ငွေမရှိတော့ ဒီအိမ်ကို မျှော်လင့်ကြတာပေ့ါ၊ လိုချင်တာ ရသွားရင်တော့ သူတို့ ဒီတစ်ခါပြန်လှည့်သွားရင် ညည်း တစ်နှစ် နှစ်နှစ်လောက် အေးချမ်းသွားမှာ ...”

“ဒါဆိုလည်း မြန်းရဲ့ အိမ်ဖိုးပိုက်ဆံထဲက ချေးလိုက်ပါလား မမငွေးရယ် ...”

“မဟုတ်တာအေ .... ညည်း ပိုက်ဆံက ပြည့်မှ မပြည့်သေးတာ၊ ဒါကိုပွန်းပဲ့အောင်လုပ်လို့ ဘယ်ဖြစ်မလဲ ...၊ ဒီပိုက်ဆံ မပြည့်သေးခင်မှာ ငါ ခုလို အရေးအကြောင်း ပေါ်လာသလို ညည်းဘက်က အဆင်မပြေတာလည်း ရှိလာနိုင်တယ် ....”

မြန်းက ခေါင်းမညိတ်ချင်ဘဲ ညိတ်နေရှာ၏။

“အဲဒီလိုဖြစ်လာရင် ညည်းအတွက်ဖြစ်ဖြစ် ... ငါ့အတွက်ဖြစ်ဖြစ် ချက်ချင်း အလျှော်အစား လုပ်နိုင်အောင် ဒီငွေ မပွန်းမပဲ့ ရှိထားမှ ဖြစ်မှာပေ့ါ၊ ဒါမျိုးတော့ မလုပ်ခိုင်းပါနဲ့ ... ကျုပ် မလုပ်ချင်ပါဘူး ...”

သူမဘက်က စည်းနဲ့ ကမ်းနဲ့ ပြောတာပေမယ့် မြန်း အတွက်ကတော့ တကယ့်ဒုက္ခပါ ...။

“ဘယ်လောက်လောက်လဲဟင် မမငွေး ...”

“ဟင် .... ဘာလဲ .... ”

“မမငွေး ယောက်မကို ချေးရမယ့်ငွေက ...”

“ဩော် ... သူတို့ မြို့ရောက်ကာစ အခြေမခိုင်ခင် သုံးဖို့ စွဲဖို့ လောက်တစ်သိန်း ကိုးသောင်းပေ့ါ ...”

မြန်း ခဏ ငြိမ်သက်သွားခဲ့၏။ ပြီးမှ မငွေး၊ လက်ကို ကိုင်၍ ....

“မမငွေး၊ အဲဒါကို မြန်း ရှာပေးမယ်လေ ...၊ ဒီအိမ်အတွက် စပေါ်တင်ထားတဲ့ သဘောနဲ့ ပေါ့၊ ငွေသွင်းတာနဲ့ ဘာမှ မပတ်သက်ဘဲနဲ့ ပေါ့ ....”

“ဟဲ့ .... ဒီ .... ဒီလောက်ငွေကို ညည်းက ....”

“မြန်း ရအောင် ရှာပ့ါမယ် ...”

ကတိပေး၍ မမငွေး အိမ်ကနေ ပြန်ထွက်လာခဲ့မိသည် ။

ခြေလှမ်းတွေကတော့ ရွှေ့လျားနေရုံလေးပဲ ဖြစ်ကာ .....

“မြန်းရေ ...”

ခေါ်သံနှင့်အတူ ပြေးလိုက်လာသူက ခြေရင်းအိမ်က ဇင်မာ ဖြစ်လျက်....၊

“နင်ကလည်း ဗေဒင် သွားမေးမယ်ဆိုပြီး ငါ့မှာ လာခေါ်မလားလို့ စောင့်လိုက်ရတာ ...”

“မသွားဖြစ်တော့ပါဘူး ဇင်မာရယ် ... လုပ်စရာ အလုပ်တွေက ရှိသေးတယ်၊ နောက်ပြီး သူများ တွေ မေးတာကိုသာ အားကျတာ၊ မြန်းက ဗေဒင်မေးတာ သိပ်ဝါသနာ မပါဘူး ...”

“မပါလည်း တစ်ခါတလေပဲ မြန်းရယ် ...၊ တစ်ခါမေးမှ ငါးရာတည်းရယ် ...၊ နင် ပိုက်ဆံ မရှိရင် ငါ စိုက်ပ့ါမယ်၊ လိုက်ခဲ့ပါ .....”

ဇင်မာက လက်ကို ဆွဲခေါ်နေသည် ။ စိတ်က ဘယ်လိုမှ မပါသည့်မို့ မြန်း ကိုယ်လေးသာ ယိုင်သွားသည် ။ ခြေထောက်တွေက မရွှေ့သေး .... ။

“လာပါ .... ဈေးပွဲတော်လေးရှိတုန်း ဗေဒင်ဆရာမက ဟောခန်း

လေး ဖွင့်ထားတာ .... ပွဲဈေး လျှောက်ရင်းနဲ့ ပေါ့၊ မှန်တယ်လို့ လည်း ပြောကြတယ် .... လာပါဟာ ....”

စိတ်မပါသည့် ခြေလှမ်းတွေက ဈေးပွဲတော်လေးဘက်ကို လေးဖင့်စွာ ပါသွားခဲ့၏။ ရွာက မကြီးမငယ် ဆိုပေမယ့် အိမ်ခြေစိပ်သလောက် ပွဲကလည်း စည်သည် ။

နှစ်ရက်တည်း ဈေးပွဲတော်ဖြစ်မှာ မို့ နေ့လယ်ခင်းမှာ တောင် ရွာနီးချုပ်စပ်တွေ ဆင်းလာကြသဖြင့် ဈေးတန်းလေးက လူမပြတ် ....။

“လာ ... ဒီမှာ ...”

ဖဒင်ဟောခန်းလေးက သေးသေးလေးဖြစ်ကာ လက္ခဏာပုံ ပိတ်စကြီး တစ်ချပ်ကြောင့်သာ ဟောခန်းမှန်း သိစေတာ ဖြစ်၏။

“ဇင်မာ .... မြန်မြန်လေး လုပ်နော် ....၊ ငါ့သားလေး အိပ်ရာနိုးလာရင် မအေကို မေးတော့မှာ ....”

“အင်းပါ ... သူ့အဖေလည်း ရှိနေတဲ့ ဟာကို ...”

ဟောခန်းလေးထဲ ဝင်လိုက်တော့ မြေပြင်ပေါ်မှာ ခင်းထားသည့် စားပွဲဝိုင်းလေးနှင့် ရှေ့မှာ လူနှစ်ယောက်ထိုင်စာ လက်တစ်ဝါးလောက် ဝါးကွပ်ပျစ် သေးသေးလေး တစ်ချပ်ကို ခင်းပေးထား၏။

“ထိုင်ကြပါ ... နေရာထိုင်ခင်းကတော့ ရွာရောက်မှ ဖြစ်သလို စီစဉ်လိုက်ရလို့ သည်းခံပါကွယ် ...”

“ရပါတယ် ဆရာမရဲ့ ...”

ဇင်မာက မြန်းရဲ့ လက်လေးကို ဆွဲ၍ သူမဘေးမှာ ထိုင်စေကာ ....

“နင် အရင်မေး လိုက်လေ ...၊ နင်က အိမ်ထောင်သည် ဆိုတော့ ...”

“မေးပါ .... ငါ မမေးတော့ဘူး ....”

“သြော် .... မေးပါဆိုမှ ...၊ ဆရာမ သူ့ကို ဟောပေးပါရှင်၊ နာမည်က စံမြန်းတဲ့ ....”

နာမည် ပြောပြပြီးမှ ဘာနေ့သမီးလဲ လှည့်မေးရသေးသည် ။ စံမြန်း ရှေ့ကို တိုးထိုင်လိုက်ကာ ....

“ကြာသပတေးသမီးပါ ဆရာမ .... မွေးနံကို နောက်မှာ ထားပြီး မှည့်ထားတာ ...”

“အင်း .... ရပြီ ...”

ဆရာမက အသက်လေးဆယ်လောက်ပဲ ရှိမှာ ဖြစ်ကာ မြန်းရဲ့ မွေးနေ့ မွေးရက်နဲ့ လက္ခဏာကိုပါ ကြည့်၍ .....

“အညံ့ထဲကို ရောက်နေတယ် သမီး ...”

“ဟုတ်ကဲ့ ... တွေ့တဲ့ အတိုင်းပဲ ဟောပါ ဆရာမ ...”

“အင်း ... ကိုယ့်ထက် ပညာ ဘုန်းတန်ခိုးကြီးတဲ့ အိမ်ထောင်ဖက်နဲ့ ပေါင်းဖက်ရမယ့် လက္ခဏာပဲ ..... "

ဇင်မာက ပြုံးစိစိလေး ဖြစ်သွားသည် ။ သူမတို့ သိထားတာက မင်းမျိုးနွယ်နဲ့ စံမြန်းတို့ မှာ စားဖို့ တောင် အနိုင်နိုင် ...။

ဆရာမကလည်း သူမ ပြောလိုက်တာ မှန်မမှန် တစ်ခုခု ပြောစေချင်သည့် အကြည့်နှင့် မျက်လွှာပင့်လာတော့ မြန်း ခေါင်းညိတ်လိုက်ရသည် ။

“ဟုတ်တယ်နော် ... ဒါဆို ဆက်ဟောပေးမယ်၊ သမီးက ငယ်ငယ်တည်းက ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး သာမန်ဘဝမျိုးနဲ့ ပဲ နေလာခဲ့

ရတာ၊ ပတ်ဝန်းကျင်ကောင်းတွေ ရှိတယ်၊ မိတ်ဆွေကောင်းတွေ ရမယ်၊ ဒါပေမဲ့ ဘဝကံ မကောင်းတော့ စိတ်ပင်ပန်း လူပင်ပန်းနဲ့ နေခဲ့ရတာ .... ”

“ဟုတ်ကဲ့ ... ”

“အဲဒါ အခုကစပြီး ... အင်း ...”

ဆရာမ ဘာဆက်ပြောမှာ လဲလို့ နှစ်ယောက်စလုံး တိတ်ဆိတ်စွာ နားစွင့်နေမိကြ၏။

တော်တော်ကြာသွားမှ ကိုင်ထားသည့် မြန်းရဲ့ လက်ကို လွှတ်လိုက်ပြီး မျက်နှာကို ကြည့်ကာ ....

“မွေးလက သောကအိမ်ထဲကို ရောက်နေတဲ့ အတွက် ခုကစပြီး အဆိုးဆုံးတွေ ရောက်လာတော့မယ် ...”

“ဟင် ...”

“ဆရာမရယ် ... သူတို့ လင်မယားက ခုတောင်မှ ဒုက္ခတွေ ရောက်နေကြတာ ထပ်ပြီး ဆိုးဦးမှာ လား ဟင် ...”

“ဟုတ်တယ် ... အိမ်ထောင်ရေးကြောင့် အထူး စိတ်ဆင်းရဲရမယ်၊ စီးပွားရေးလည်း ဘာလုပ်လုပ် ဖြစ်ထွန်းမှာ မဟုတ်ဘူး ....”

မျက်ဝန်းလေးတွေမှာ စိုးရိမ်ထိတ်လန့်မှုတွေ စိုးမိုးလာတာ မြင်ကာ ဆရာမက စိတ်မကောင်းသည့် ခေါင်းညိတ်ခြင်းမျိုးနှင့် ....၊

“ဆရာမတို့ ကလည်း အရမ်းကောင်းတဲ့ ဇာတာမျိုးကို ဟောချင်ပါတယ်၊ ကိုယ့်ကို အားကိုးပြီး ရောက်လာတဲ့ ဒုက္ခသည် ကို ပိုပြီး စိတ်ဆင်းရဲသွားအောင် မဟောပြောချင်ဘူး၊ ဒါပေမဲ့ ကောင်းတာတွေက

ဆရာမတို့ ဟောပြပြ မပြပြ ရောက်လာမှာ ပဲလေ၊ ရောက်လာရင်လည်း ပြင်ဆင်ထားဖို့ မလိုဘူးမို့လား ....”

“ဟုတ်ကဲ့ ...”

“မကောင်းသောအရာကို မကြားချင်ပေမယ့် ကြိုသိထားတော့ အနည်းဆုံး ကိုယ့်ရဲ့ စိတ်က ဒါ လာနိုင်တယ်ဆိုတာကို လက်ခံထားပြီးသား ဖြစ်တာပေါ့၊ ဒါမှ မဟုတ် ကြိုတင် ရှောင်ရှားနိုင်မလား၊ ကာကွယ်နိုင်မလား ... ဗေဒင်ယတြာဆိုတာ အဲဒါတွေကြောင့် ဖြစ်လာတာ ...”

“ဒါဆို အခု သူ့ကို ယတြာပေးမှာ ပေါ့နော် ...၊ ယတြာချေလိုက်ရင် ဒါတွေ လွတ်သွားမှာ လား ....”

“အို ... နေပါစေ”

မြန်းက ဇင်မာကို ကမန်းကတန်း လက်တို့ တားဆီး၏။ သူမက မြို့ကြီးပြကြီးမှာ ကြီးပြင်းခဲ့သူမို့ ဗေဒင်ဆရာတချို့ရဲ့ လုပ်ထုံး လုပ်နည်းတွေကို သိထားသည် ။

“ယတြာ မပေးပါနဲ့ တော့ ဆရာမရယ် ... ဟိုလေ ....”

“ဆရာမက သတ္တဝါကို ကယ်တင်တယ်လို့ သဘောထားတာပါ၊ ယတြာအတွက် ကြေးနှုန်း သပ်သပ် မယူပါဘူး၊ အဖိုးအခယူပြီး ဟောနေရတာကတော့ သိလိုသူတိုင်း မေးနိုင်အောင် ....၊ ပြီးတော့ ဝမ်းရေးအတွက်ပေါ့ကွယ် ...”

“မဟုတ်ပါဘူး ဆရာမရယ် .... အဲဒါ တစ်ခုတည်းလည်း မဟုတ်လို့ပါ၊ မြန်း အဲ ..... ကျွန်မ ဒီရက်ပိုင်းမှာ အရမ်း အလုပ်ရှုပ်မှာ ဆိုတော့ ယတြာအတွက် ဘုရားသွား ကျောင်းတက်နဲ့ ...”

“ဘယ်မှ မသွားရဘဲ ဘာမှ လည်း ဝယ်ခြမ်းဖို့ မလိုဘဲနဲ့ အိမ်မှာ နေရ

င်း လုပ်သွားလို့ ရတယ်ဆိုရင်ရော ....”

“ရှင် ....”

ဆရာမ ပေးလိုက်သည့် ယတြာကို ကြားကာ ဇင်မာကလည်း တအံ့တဩ ဖြစ်နေခဲ့၏။

နှစ်ယောက်စလုံး မေးပြီးသည့်အချိန်မှာ အပြေးတစ်ပိုင်း ဖြစ်နေသည့် မြန်းရဲ့ ခြေလှမ်းတွေကို ဇင်မာ ခလုတ်တိုက်မတတ် လိုက်နေရကာ . ...

“ငါ တောင်းပန်ပါတယ် မြန်းရယ် ... နင် မအားပါဘူးဆိုတာကို ဇွတ်ခေါ်လာမိတာ ငါ မှားပါတယ် ...”

“ဟာ .... မဟုတ်ပါဘူး ... ငါမေးနေလိုက်လို့ ကြာသွားတာပါ”

“အဲဒါလည်း ငါပဲ မေးခိုင်းတာလေ ...၊ ငါက နင် ပိုက်ဆံမရှိလို့ မမေးတာထင်ပြီး ဇွတ်မေးခိုင်းခဲ့တာ၊ ခုတော့ စိတ်ဆင်းရဲစရာ ထပ်ကြားရပြီ . .. ငါ့ကြောင့် ...”

“မဟုတ်ပါဘူးဆိုမှ ဇင်မာရယ် ... ဆရာမ ပြောသလိုပေါ့၊ အဆိုးတွေကို ကြိုသိထားတော့လည်း ခံနိုင်ရည်ရှိအောင် အားမွေးထားလို့ ရတာပေါ့ဟာ ...”

နှစ်ယောက်သား ရွာလမ်းမပေါ်မှာ သုတ်သုတ်လျှောက်နေကြရင်း စကားကလည်း မပြတ်နိုင် ....

“နင် သူ ပြောသလို လုပ်မှာ လား ...”

“ဘာလဲ ...”

“ဘဝပျက်အောင်ဆိုလား ...”

"ဘဝပျက် ယတြာ ..."

"အေး ... အေး ... ဟုတ်တယ်၊ အဲဒါ ကြားရတာနဲ့ တင် ဗုန်းဗုန်းလဲချင်သွားတယ်၊ ဘယ်လိုကြီးမှန်းလည်း မသိဘူး၊ အဝတ်အစား စုတ်စုတ်ပြတ်ပြတ်တွေ ဝတ်၊ နှုတ်ခမ်းပဲ့ ပိန်ချိုင့်နေတဲ့ ပန်းကန်ခွက်ယောက်တွေနဲ့ ထမင်းစား၊ ပြီးတော့ စောင်စုတ်စုတ်နဲ့ ကြမ်းပေါ်မှာ ဆင်းအိပ်တဲ့ ...."

"ငါကတော့ လုပ်နိုင်ပါတယ် ...၊ ဒါပေမဲ့ မောင်က ခွင့်ပြုမှာ မဟုတ်ဘူး ...."

"ဟုတ်တယ်နော် .... သူပါ ကြမ်းပေါ် လိုက်အိပ်လို့ လည်း ယတြာဖြစ်မှာ မဟုတ်ဘူး ..."

ကြမ်းပေါ်တော့ ကြမ်းပေါ်မှာ အိပ်ကြတာပါပဲ။ ဒါပေမဲ့ အတက်အဆင်း လှေကားထစ်ဘေးမှာ သူတောင်းစားတွေ နေစရာမရှိလို့ ခိုကပ် အိပ်ရတာမျိုးဆိုတော့ မဖြစ်နိုင်ပေ ....။

ဝင်းမှုန်နေတတ်သည့် မောင့်မျက်နှာကို မြင်ယောင်ကာ မြန်း စိတ်ညစ်သွားမိ၏။ မောင့်လောက် အသန့်အပြန့် ကြိုက်တာ မောင်ပဲရှိသည် ။

ထမင်းစားတာတောင် ဘယ်တော့မှ လက်နဲ့ မစားပေ ...။ သားကိုရော မြန်းကိုပါ ဇွန်းခက်ရင်းနဲ့ ပဲ စားခိုင်းသည် ။

"ကြီးကျယ်တာ မဟုတ်ဘူး ကွ ... အဲဒါ ကောင်းတယ်၊ လူ့တစ်ကိုယ်လုံးမှာ မသန့်ရှင်းဆုံးနေရာက လက်တွေပဲ၊ ဇွန်း ခက်ရင်းနဲ့ စားတော့ ရောဂါလည်း မရဘူး၊ စားသောက်ပြီးတဲ့ အခါ အနံ့အသက်သည်း မကျန်ဘူး"တဲ့ ....။

သားကိုဆို တူကိုင်တတ်အောင် သင်ပေးထားသေးသည် ။ မြန်းကလ

ည်း တောသူမှ မဟုတ်ဘဲ ...၊ ကိုယ့်မိသားစုထဲမှာ တော့ မြန်းတို့ သုံးယောက်အတွက် ပြဿနာမရှိခဲ့ပါ။

ဒါပေမဲ့ အလှူအတန်း ဆွမ်းကျွေးတွေဘာတွေ ဆိုရင်တော့ ရှောင်ရရှားရတာ ခက်၏။

တော့ခလေ့ သဘာဝက သူမတို့ မိသားစုရဲ့ နေထိုင် စားသောက်ပုံတွေနှင့် အံမဝင်နိုင် ...။

ဒီလို ဘဝပျက်ယတြာ ဆိုတာကြီးကို မောင် ယုံယုံကြည်ကြည်နဲ့ လုပ်ခွင့်ပြုဖို့ က ဘယ်လိုမှ မဖြစ်နိုင်တာ မြန်းသိပြီးသား ...။

"ဘယ်တွေ သွားနေတာလဲ မြန်းရာ ..."

အိမ်ပြန်ရောက်တာနှင့် မောင့်မျက်နှာက သုန်မှုန်နေလျက် ....

"မဒွေးဦးတို့ အိမ် သွားတယ်ဆိုလို့ မောင် လိုက်သွားတာ ပြန်သွားပြီတဲ့ ..."

"ဩော် ... ဇင်မာက ဗေဒင် သွားမေးမယ်ဆိုလို့ လိုက်သွားတာပါ"

"အဲဒါ မင်းရော မမေးခဲ့ဘူးလား ..."

ချဉ်တူးတူး မောင့်မျက်နှာကို တစ်ချက်ပဲကြည့်ကာ မြန်းက မဖြေရှင်းဘဲ အထဲဝင်သွား၏။ ကြည့်လိုက်တော့ သားက အိပ်နေတုန်းပါ ...။

"ဘာလဲ .... သား နိုးနေလို့ မင်းကို မျှော်နေတယ် ထင်လို့ လား ...၊ မောင့်သားက မောင် ရှိနေရင် ဖြစ်တယ် ..."

"ဒါဆိုလည်း ပြီးတာပဲ ... သွားစရာ ရှိသေးတယ် ..."

"ဟော့ ..."

မင်းမျိုးက လက်ကို ဖျတ်ခနဲ ပြန်ဆွဲထားကာ ....

"ဘာလဲ ... မင်းက သားအတွက်ပဲလား ...၊ မင်း မရှိရင် မဖြစ်တဲ့ ယောင်တောင် ပေါင်တောင်ကောင် အတွက်ရော ..."

"မသိဘူးလေ ... မောင်လည်း ဒီတိုင်းနေလို့ ဖြစ်နေသလားလို့ ..."

"မင်းတော့နော် ... ဒီမှာ ..."

လက်သီးဆုပ်ကြီးနဲ့ မြန်းရဲ့ ပါးလေးကို ကပ်တွန်းသည် ။ မျက်နှာလေး တစ်ဖက်ကို ယိုင်သွားမှ ခေါင်းလေးကို ပြန်ဆွဲ၍ ရင်ခွင်ထဲ ထည့်ထားလိုက်ကာ .....

"ဒီမှာ ဒီရင်ဘတ်ထဲမှာ အဆိပ်မိနေတာ ....၊ ဘာဖြေဆေးနဲ့ မှ ဖြေရာ ရှာလို့ ရမှာ မဟုတ်တဲ့ အဆိပ် ..."

မြန်း ပခုံးလေးကို ဖက်ကာ အိမ်ရှေ့မှာ ပဲ အတူတူ ယှဉ်တွဲ ထိုင်မိကြ၏။

"မြန်း ..."

"ဟင် ..."

"မောင် ပြောစရာ ရှိတယ် ..."

မြန်း ထိတ်ခနဲ ဖြစ်သွားသည် ။

မောင် ပြောစရာရှိပြီဆို ဘာအလုပ် လုပ်မလို့ ဘယ်ကို အလုပ်နဲ့ လိုက်သွားချင်တယ် စသဖြင့်သာ မြန်း ခွင့်မပြုနိုင်တာတွေပဲ ဖြစ်နေ့တတ်သည် မို့ ....၊

"ဘာလဲ, မောင် ....၊ ဘာပြောမှာ လဲ ....."

"ပြောပါဆိုမှ ..."

"စိတ်တိုနေတဲ့ မျက်နှာကြီးနဲ့ မေးနေတာ ဘယ်လို ပြောရမှန်းတောင် မသိတော့ဘူး ..."

"မြန်း ထပ်ပြီး စိတ်တိုသွားဖို့ အကြောင်း ပြောမှာ မို့လို့ လား ..."

"ဘယ်လို ပြောရမလဲ ..."

မင်းမျိုးက မျက်ခုံးကို လက်မနဲ့ ခြစ်ရင်း .....

"မောင် ..."

"ဟုတ်ပါပြီ ပြောပါ .... မောင် အဲဒီလိုဖြစ်နေတာ မြန်း ဘယ်လိုနေရမှန်းကို မသိတော့ဘူး ..."

စိုးရိမ်သည့် မျက်ဝန်းလေးတွေ ဖြစ်လာတော့ မြန်းရဲ့ မေးဖျားလေးကို မော့ယူပြီး သူက တောင်းပန်သလို ပြုံးကာ ....

"မောင် .... ရန်ကုန်ကို ပြန်ရမယ် ထင်တယ် ..."

"ဘယ်လို ...."

မြန်း ရင်ထဲမှာ ဒိန်းခနဲ ဆောင့်ခါသွားသည် ။

မောင့်အကြောင်း အမှန်တရား ဆိုတာတွေကို ကြားလိုက်ရပြီးတည်းက ရင်ထဲမှာ ခဲဆွဲထားသလို လေးလံနေခဲ့မိ၏။

ဘာအကြောင်းဆိုတာ မပြနိုင်ခဲ့ဘဲ အဖြေက ခုမှ ထွက်လာခဲ့တာလား ....၊

"ပြောပါဦး ... ဘာဖြစ်လို့ လဲ ...၊ ပြန်ရဖို့ ဖြစ်လာတဲ့ အကြောင်းက ဘယ်လိုပေါ်လာတာလဲ .... ဟင် ..."

"သတင်းစာထဲမှာ မောင့်ကို ခေါ်ထားတယ် ..."

"ဘယ်ကလဲ ..."

"မောင့်အိမ်ကလေ ... ဖေဖေနဲ့ မေမေ တစ်ယောက်ယောက်တော့ ကျန်းမာရေးမကောင်း ဖြစ်နေတာ သေချာတယ် ...."

"အဲဒီလို ဖော်ပြထားလို့ လား မောင် ...၊ မြန်းကတော့ ကြားဖူးနေကျ ဇာတ်လမ်းဟောင်း တစ်ပုဒ်ကို ပြန်ကြားလိုက်ရသလိုပဲ ..."

မြန်းရဲ့ မျက်နှာလေးက နာကျင်ရိပ်ကို မြင်လိုက်ကာ သူ ပျာပျာသလဲ ဖြစ်သွားပြီး ပခုံးလေးကို ဖျစ်ညှစ်ဆုပ်လိုက်၍ .....

"မဟုတ်တာတွေကွာ မြန်းကလည်း ... မောင် အိမ်ထောင် ကျနေတာ တောင် အိမ်က သိတာ မဟုတ်ဘူး ၊ ခုလည်း သူတို့ ပြန်ခေါ်တာနဲ့ ပြန်မယ်ဆိုတဲ့ စိတ် မောင့်မှာ လုံးဝမရှိဘူး ... သားအတွက် သူ့အဘိုး အဘွား တွေရဲ့ အရိပ်အာဝါသကို တွေးမိခဲ့တုန်းကလည်း မှိုခို အားကိုးချင်တဲ့ ဆန္ဒနဲ့ မဟုတ်ဘူး ၊ မောင့်စိတ်ကို မြန်း နားလည်သားနဲ့ ...."

"နားလည်ပါတယ် ...၊ ဒါပေမဲ့ မောင့်နောက်ကြောင်းကို သိရပြီးက တည်းက မြန်း အိပ်ပျက်တဲ့ ညတွေ ဖြစ်လာခဲ့ရတာ မြန်းကိုယ်မြန်းပဲ သိတယ် ..."

"ကျွတ် ...."

မင်းမျိုး မျက်နှာ မဲ့သွားကာ ဖက်ထားသည့်လက်ကို လွှတ်၍ သူ့ဆံပင်တွေထဲ ပြန်ထည့်ဖွသည် ။ ခဏကြာမှ ပခုံးလေးကို ပြန်ဖက်ပြီး ....

"ဒါဆို မောင် မပြောတော့ဘူးကွာ .... သွားလည်း မသွားတော့ဘူး၊ ဒီပုံစံနဲ့ မင်းကို ထားခဲ့ပြီး သွားရင်လည်း ထသွားပြန်ကြည့် ဖြစ်နေမှာ ၊ ကဲ ..... မျက်နှာမှော့စမ်းပါး ..."

သူက မြန်းရဲ့ မျက်နှာလေးကို ငုံ့ကြည့်ကာ ...

"မောင်က မင်းကို ထားခဲ့မယ်လို့ ပဲ ဘာဖြစ်လို့ တွေးမိနေတာလဲ ...၊ စည်းစိမ်ခြွေရံတွေနဲ့ နေရတဲ့ ဘဝကို ပျော်မွေ့တတ်နေရင် စံမြန်းဆိုတဲ့ မင်းနဲ့ လည်း နှစ်ယောက်တစ်ဘဝ ထူထောင်ဖြစ်ခဲ့မှာ မဟုတ်ဘူး ၊ ဒီအချိန်ထိရော မြဲနေပ့ါမလား ..."

"ဘဝသစ် တစ်ခုအကြောင်း မောင်က၊ ခုမှ သိခဲ့တာလေ ...."

"အဲဒါတော့ မင်း မောင့်ကို စော်ကားတာပဲ မြန်း ..."

"မောင် ....."

"မောင်က ချမ်းသာတဲ့ ဘဝမှာ ပဲ နေတတ်ပြီး ဒီဘဝမျိုးမှာ တော့ လက်ကြောမတင်းဘူးလို့ ....."

"မောင်ရယ် မြန်း တောင်းပန်ပါတယ် ... မောင့်ကို မြန်း အဲဒီလို ပြောချင်တာ မဟုတ်ဘူး ၊ ဒါပေမဲ့ မောင် ဘာမှန်းမသိခင်တည်းက မောင်က မြန်း ဘဝအတွက် မင်းသားတစ်ပါးပါ ... မောင့်ကို မြန်းချစ်တယ်၊ မြတ်မြတ်နိုးနိုး ကိုးကွယ်ပြီး ချစ်ခဲ့တာ ...."

မင်းမျိုး မျက်ခုံးတွေ တွန့်ရှုံ့နေရင်း ပြေကျသွားသည် ။

ပြီးတော့ မြန်းရဲ့ လက်လေးတစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်ကာ .....

"မောင် မသွားတော့ဘူးလို့ ပြောပြီးပြီကွာ .... အဲဒီကိစ္စတွေ မေ့လိုက်တော့ ..."

"မဖြစ်ဘူး ... အဲဒီလိုလည်း မဖြစ်သေးဘူး ..."

မြန်းက သူ့လက်ကို ပြန်ဆုပ်ကိုင်ပြီး ပခုံးစွန်းမှာ မှီလိုက်၏။ မျက်ရည်စတို့ စွန်းထင်းလာခဲ့လျှင် မြင်သွားမှာ စိုးလို့ ဖြစ်သည် ။

"သွားသင့်တယ်လို့ မောင် ထင်တယ်မို့လား ... ပြီးတော့ ကိုယ့်ရဲ့ မိဘ

မိသားစုဆိုတာ ဘယ်တော့မှ ပစ်ပယ်ကောင်းတဲ့ သူတွေ မဟုတ်ဘူး မောင် ...၊ မြန်း စိတ်ညစ်နေလို့ လွှတ်ခနဲ ပြောလိုက်မိတာ ခွင့်လွှတ်ပါ”

“မောင် မသွားတော့ဘူးလို့ ဆုံးဖြတ်ပြီးပြီ ....၊ ဘာမှ ...”

“မောင် ...”

မြန်းက သူ့မျက်နှာကို မော့ကြည့်ပြီးမှ လျှော့လျှော့လေး ပြန်လျှော့ချကာ .....

“နှစ်ယောက်စလုံး တစ်ကောင်ကြွက်တွေမှ မဟုတ်ကြတာ မောင်ရယ် .... မောင့်မှာ မိဘနဲ့ အသိုင်းအဝိုင်းနဲ့ ရှိနေသေးတာ မြန်းက ဝမ်းတောင် သာပါသေးတယ်၊ မောင် ဖြောင့်ဖြောင့်သွားပါ ... မြန်းတို့ တစ်ယောက်ကို တစ်ယောက် သစ္စာရှိကြေးလေ .... နော် ...”

မင်းမျိုးက မြန်းရဲ့ ပခုံးလေးကို ဆွဲယူပြီး မျက်နှာချင်းဆိုင် ကြည့်သည် ။

မျက်ရည်ရောင်တို့ နှင့် ပို၍ စူးစူးလက်လက် ဖြစ်နေသည့် မျက်ဝန်းလေးတွေကို ကြည့်၍ ....

“ မြန်း ...”

“မြန်းကို မောင့်ရဲ့ မိသားစုက တစ်သက်လုံး စိတ်ဆိုး မုန်းတီးသွားအောင် မလုပ်ပါနဲ့ မောင် ... မောင်သွားပါ ... ဟိုမှာ မောင့်မိဘနဲ့ ဘကြီးနဲ့ အဆင်ပြေအောင် နေပါ၊ မြန်းတို့ သားအမိအတွက် ဘာမှ မပူနဲ့ ....၊ မောင့်ကို ယုံပါတယ် ....”

“ဒါဆို ... မောင့်သားကို ခေါ်သွားမယ် ...”

“အို ... ဒါတော့ မဖြစ်ဘူးလေ ...၊ သားလေးရှိမှ မြန်း ဒီမှာ နေရတာ

တင့်တယ်မှာ ပေါ့၊ ပြီးတော့ သားက အရမ်းစကားတတ်တာ၊ မောင်တို့ သားအဖ နှစ်ယောက်စလုံး တစ်ခါတည်း ပျောက်သွားရင် ဒီအသံ .... ဒီပုံ ရိပ်တွေကို မြန်း ဘယ်လို ဖြေဖျောက်ရမလဲ ...၊ ခဏဖြစ်ဖြစ် တစ်ညဖြစ်ဖြစ် မြန်း အဲဒီလိုတော့ နှစ်ယောက်စလုံးကြီးတော့ မခွဲလိုက် နိုင်ဘူး ...”

“မောင်ကလည်း ခဏဖြစ်ဖြစ် .... တစ်ညဖြစ်ဖြစ် မင်းတို့ ရဲ့ အငွေ့အ သက်တွေနဲ့ ပြတ်တောက် ဝေးကွာသွားရမှာ ဘယ်လိုမှ အဆင်ပြေမှာ မ ဟုတ်ဘူး ...”

“အပြင်ရောက်သွားတာနဲ့ မောင် ဖြေသာသွားမှာ ပါ ...”

“ဘာ ....”

“ မဟုတ်ဘူး .... အမြင်သစ် နေရာသစ် ပြောင်းသွားတော့ စိတ်လည်း နည်းနည်းတော့ ပြောင်းလဲ သွားမှာ ပဲလေ၊ ဟိုရောက်ရင် ဘာတွေပြောတယ် ဘယ်လို ရင်ဆိုင်ရမယ်ဆိုတဲ့ အတွေးတွေ ဝင် လာပြီး .... ”

“ကျွတ် ...”

မင်းမျိုး မျက်နှာ မသာမယာနှင့် နေရာမှ ထရပ်သည် ။ ပြီးမှ ခါးနှစ်ဖ က်ထောက်၍ ပြန်လှည့်ကြည့်ကာ .....

“အတူတူ သွားကြမယ် ...”

“ဟင့်အင်း ...”

မြန်း ချက်ချင်း ငြင်းသည် ။

“အိမ်ထောင်ကျနေမှန်း သိလို့ ခေါ်တာမှ မဟုတ်တာ၊ မြန်းက မောင့်

ဘဝကို မသိပဲ လက်ထပ်ခဲ့ပေမယ့် သူတို့ အမြင်မှာ တော့ သူဌေးသားမှန်း သိလို့ ...”

“မြန်း ... မင်း မောင့်ကိုတော့ လုံးဝ ထည့်မတွက်တော့ဘူးလား ...”

“မောင့်ကို .... ”

“သူတို့ ထင်ချင်သလိုထင် ... ပြောချင်သလို ပြောတာကို မင်းဘက်က မကာကွယ်ဘဲ မောင်က ဒီတိုင်း ကြည့်နေမယ့်သူပေါ့ ... ဟု က်လား . ...၊ မင်း.... စိတ်ကူးတွေ မဟုတ်သေးဘူးနော် မြန်း ....”

မောင့်မျက်နှာ နီမြန်းနေတော့ မြန်းကပဲ ချော့ရမယ့်တာဝန် ဖြစ်ရပြန်ပြီကာ ....

“မြန်းဘက်ကလည်း ပြန်ကြည့်ပါဦး မောင် .... မိန်းမတစ်ယောက်ရဲ့ သိက္ခာ ... တန်ဖိုး ဘာကိုမှ ဂရုမစိုက်ဘဲ မောင့်မှာ မိဘအုပ်ထိန်းသူ မရှိတာကိုရော ... မြန်းဘက်က ရှိနေတဲ့ ဆွေမျိုးတွေကိုရော ဘယ်သူ့ကိုမှ အသိမပေး အားမကိုးဘဲ လက်ထပ်စာချုပ် နှစ်စောင်တည်းနဲ့ မောင်နဲ့ ဘဝကို ထူထောင်ခဲ့တာ .....”

“အဲဒီလို ပေါင်းသင်းခွင့် မရှိလို့ လား ...၊ ဘယ်သူမှ ဒါမျိုး မလုပ်ခဲ့ဖူးဘူးလား ....”

“လုပ်ခဲ့ကြတယ် ... ဒါပေမဲ့ သူတို့ ဆုံးဖြတ်သလို ဘဝတစ်လျှောက်လုံးကို ဒီတိုင်းပဲ ရုန်းကန် ကြိုးစားသွားကြတာလေ ....၊ မောင့်ကျတော့ မနေ့တစ်နေ့ကအထိ အခြေမဲ့အနေမဲ့ တစ်ကောင်ကြွက် .... အခု သူဌေးသား ဖြစ်နေပြန်ပြီ ...”

“အဲဒါတွေ ဖုံးကွယ်ခဲ့မိတာ မောင် တောင်းပန်ပြီးပြီပဲ ...”

မြန်းက မကျေနပ်လို့ ပြောနေတာမှ မဟုတ်တာ ...၊ မောင် တစ်ယော

က်တည်းပဲ ပြန်သွားသင့်တာကို ပြောပြတာ၊ မြန်းတို့ သားအမိကို မောင် တန်ဖိုးထားတယ်ဆိုရင် မောင့်မိသားစုထဲကို ပျော်ရွှင် အေးချမ်းစွာ ဝင် လာနိုင်အောင် ကြိုးစားပေးပေ့ါ ...”

“ မဟုတ်ဘူး ... မောင်တို့ အတူတူ သွားလို့ ရတယ် ...”

“မြန်း မလိုက်ချင်ဘူး ... မောင့်ဦးလေးဘကြီးရဲ့ စိတ်ကိုပါ သိထား လို့ ပိုပြီး မလိုက်ချင်တာ ....၊ ကိုယ်က ဆင်းရဲလို့ မောင့်မိဘက နှိမ့်ချမယ် ဆိုတာ သဘာဝကျပါတယ်၊ မောင့်ကို မခွဲနိုင်တဲ့ အတွက် အဲဒီဒုက္ခကိုလ ည်း မြန်း သည်းခံနိုင်တယ် ... ဒါပေမဲ့ သားလေး ရှိသေးတယ် မောင် ... ခွဲခြားနှိမ့်ချတဲ့ အဆင့်အတန်း စကားတွေနဲ့ ရင်ထဲမှာ ဒဏ်ရာ မဖြစ်စေ ချင်ဘူး ...”

မြန်း ပြောနေတာတွေ မှန်ပေမယ့် သူ့ဘက်က ဘာမှ ထပ်ပြီး နည်း လမ်းရှာလို့ မရတော့အောင် ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်နေတာနှင့် တူ လာ၏။

“ဘယ်အလုပ်မဆို ကောင်းမလား ဆိုးမလားဆိုတာကို ထိုင်တွေးနေ ရုံနဲ့ တော့ အဖြေမှန်ကို သိရမှာ မဟုတ်ဘူး ကွ ....၊ ကိုယ်တိုင် လုပ်ကြည့်မှ သိမှာ .....၊ မင်း မလိုက်ချင်တာ သဘာဝကျတယ်လို့ မောင် လက်ခံ ပေးနိုင်ပေမယ့် ...”

“မောင်က ထွက်သွားပြီးရင် ပြန်ကို မလှည့်ချင်တော့တာလား ...”

“ဘာရယ် ...”

“မေးကြည့်တာပါ...၊ မောင် အခု မိဘ အခြေအနေလေးကို တစ်ချက် လောက် ပြေးသွား ကြည့်လိုက်ရုံပဲ မဟုတ်ဘူး လား၊ မောင့်ကို ခေါ်ရတဲ့ အကြောင်းရင်းတွေ ... မောင် အခု မိသားစုဘဝနဲ့ ရှိနေပြီဆိုတာကို သူ

တို့ လက်ခံသလား ... မခံဘူးလားဆိုတာတွေ ... အဲဒါတွေကို သိပြီးမှ မြန်းတို့ မိသားစုဘဝ ဘယ်လို ရှေ့ဆက်မယ်ဆိုတာ ပါလာရမှာ လေ ...”

ချက်ကျလက်ကျ ပြောလိုက်တော့ မင်းမျိုး မချင့်မရဲနဲ့ ငြိမ်ကျသွား၏ ။

“မြန်းကလည်း မောင့်ကို ခဏလေးပဲ ခွဲနိုင်မှာ မောင် ....၊ အကြာကြီး ထာဝရခွဲနေကြဖို့ လွှတ်တာ မဟုတ်ဘူး ... မောင်တစ်ယောက်တည်း ဖြောင့်ဖြောင့်သွားပါ၊ မြန်းမှာ အိမ်နီးချင်းကောင်းတွေ ရှိတယ်။ သားလေးလည်း ရှိတယ်၊ မောင့်ကို လွမ်းတိုင်း သားလေးကို ပြုစုယုယရင်း မျှော်နေမှာ ....”

မင်းမျိုး မကြည်မလင်ပုံစံနှင့် သူမဘေးမှာ ပြန်ထိုင်သည် ။ နှစ်ယောက်စလုံး ခဏကြာအောင် တိတ်နေကြပြီးမှ ....

“ခုန ပြောတဲ့ အထဲမှာ မြန်း စိတ်ညစ်နေလို့ ဆိုတာ .... ပြော ... ဘာလဲ ....”

အနီရောင် ဆွဲသားလက်တို လည်ဟိုက်လေးနှင့် မြန်းရဲ့ ကုပ်သားနဲ့ ရင်ဘတ် ပြည့်ပြည့်လေးက ဖွေးနုနေ၏။ ဆံပင်တွေကို မညှပ်စဖူး နောက်ခပ်မြင့်မြင့်မှာ တင်၍ စည်းထားသဖြင့် ဆံစပ်နေရာလေးတွေ စိမ်းမြနေတာကိုလည်း မြင်နေရသည် ။

ဆံမြိတ်တိုတိုတွေ ပုံစံလှအောင် ပြင်ဆင် မထားတတ်သဖြင့် သူမ မျက်နှာလေးပေါ်မှာ ဆံစတို့ ဖရိုဖရဲ ကျနေတာမျိုးလည်း မရှိတတ်ခဲ့ဘဲ .....

“မြန်း ..... ”

သူ မြန်းရဲ့ ပခုံးလေးကို ဖက်ထားလိုက်ရင်း နားသယ်စပ်လေးကို နမ်းမိသည် ။

"ဘာတွေ စဉ်းစားနေတာလဲ ..."

"ဟင့်အင်း ...၊ သားလေး နိုးလာရင် စားဖို့ မုန့်ရှိရဲ့ လား သွားကြည့်လိုက်ဦးမယ်နော် ..."

"ဟား ...."

မြန်း ထရပ်ဖို့ ရုန်းသည် ။ မင်းမျိုး မျက်နှာမဲ့သွားပြီးမှ အတင်း ပြန်ဆွဲထားကာ .....

"မောင် မေးတာတော့ ... မဖြေဘဲနဲ့ ဘယ်ကို ထမလို့ လဲ ...၊ သားက နိုးတာနဲ့ မုန့်တောင်းမယ့်ကလေး ကျနေတောပဲ ..."

မြန်း မပြောချင်ပါ။ မိသားစုတွင်းမှာ ရင်ဆိုင်ရသမျှ အခက်အခဲသောကတိုင်းကို မောင့်ကို မျှဝေမပေးချင်သမျှ ဒီတိုင်းပဲ ရှောင်လွှဲဖြေခဲ့တာမို့ ....

"မြန်း ဘာပြောမိလို့ လဲ မောင်ရယ် ... ဘာရယ်မဟုတ်ဘဲနဲ့ ဒီနေ့ စိတ်ထဲမှာ အလိုလို လေးနေတာ၊ ပြန်လာတော့ မောင်က စိတ်ညစ်စရာတွေ ပြောတယ်လေ၊ အဲဒါ အခု ပြီးပြီပေ့ါ ..."

"ခုမှ စမှာ မဟုတ်ဘူး လား ...."

"ဟင် ...."

"မင်းကို မောင် စိတ်မချဘူး ...."

မြန်းက ပြုံးဖို့ ကြိုးစားရင်း မျက်နှာလေး လွှဲ၍ ....

"ခဏပဲ မောင်ရယ် ..."

"အဲဒါက ဟုတ်တယ် ...၊ ဒါပေမဲ့ ဒီတစ်အိမ်ကျော်မှာ ရှိတဲ့ အမူးသမားက မူး လာပြီဆို လူစိတ် ပျောက်သွားသလိုပဲ .... တအား သောင်းကျ

န်းတာ ...”

“သူတို့ အိမ်မှာ မိသားစုတွေ စုပြုံနေကြတာကိုး မောင်ရဲ့ ...၊ ဆွေမျိုးတွေရော အိမ်ထောင်သည် ဖြစ်ကုန်တဲ့ သားသမီးတွေရော .... အလုပ်ကျတော့ မရှိကြဘဲ အားလုံးကို ရှာကျွေးနေရသလို ဖြစ်တော့ မူးလာတာနဲ့ အနာပေါ်တာပေါ့ ...၊ ဦးလှမိုးက မမူးတဲ့ အချိန်ဆို စိတ်ရင်း ကောင်းပါတယ်။ လူမှုရေး စိတ်ဓာတ်လည်း ရှိတယ် ...”

“ရှိရှိမရှိရှိ သေရည် သေရက်ဆိုတာ လူ့စိတ်ကို ဖောက်ပြန် ရူးသွပ်စေတာပဲကွ .... မောင်လည်း အဲဒါတွေ မကြိုက်ဘူး ... သူများ ကြိုက်နေတာလည်း ခွင့်မလွှတ်ချင်ဘူး၊ မောင်တို့ သားလေးက အရွယ်ရောက်လာပြီ .... ပတ်ဝန်းကျင် ရွေးရတော့မှာ ....”

“ဟုတ်ပါတယ် ... မြန်း တွေးမိနေပါတယ် .... ဒါပေမဲ့ ...”

“မလှုပ်သာတဲ့ အခြေအနေ ဆိုရင်တော့ မတတ်နိုင်ဘူးပေါ့ကွာ ...၊ ဒါကြောင့် မောင် ခြေဦးလှည့်ဖို့ လုံးဝ မစဉ်းစားခဲ့တဲ့ အရပ်ကို အခုပြန်စဉ်းစားခဲ့ရတယ်၊ နောက်တစ်ခုက ဘဘကိုယ်တိုင် ပြန်ခေါ်နေတာဆိုတော့ မောင် သွားကို သွားသင့်တဲ့ ပြဿနာတစ်ခုခု ရှိနေလို့ ပဲလို့ တွက်ခဲ့တာ ....”

“ဟုတ်တယ်လေ ... သားလေးက မြန်းတို့လို တစ်ကောင်ကြွက် မဟုတ်ဘဲ ဘိုးဘွား ဆွေမျိုးတွေနဲ့ သိုက်သိုက်ဝန်းဝန်း နေရတော့မှာ ၊ မောင်ဆုံးဖြတ်တာ မှန်တာပဲ မောင်ရဲ့ ...”

“မှန်ပေမယ့် အဲဒီအိမ်ကို စိတ်မချဖြစ်နေတာ ...၊ ခုနကပဲ ရုံးက လူကြီးတွေနဲ့ နယ်ထိန်း သူ့ကို လာခေါ်သွားတယ် ....”

“ဟင် .... ဟုတ်လား ....၊ ရန်ဖြစ်ကြတာလား .... နေ့ခင်းဘက်ကြီး

တောင်မှ ...”

“ဟုတ်တယ် .... ညတင်မကတော့ဘူး ... အခု နေ့ခင်းဘက်မှာ ပါ ကျွမ်းစိုင်းအောင် မှူးလာတာ သတ်မယ် ဖြတ်မယ်နဲ့ ကြိမ်းဝါးတာတွေ စုံနေတာပဲကွာ ... ရိုက်ချိုး ဖျက်ဆီးနေတာလည်း ဝုန်းဒိုင်းကြဲပဲ ....”

“အခု ဖမ်းသွားပြီပဲ မောင်ရယ် ...”

“တော်ကြာ ပြန်လွတ်လာမှာ ပဲလေ ...၊ တောရွာဓလေ့မှာ က ဘယ်အရေးကိစ္စပဲ ဖြစ်ဖြစ် ခင်မင်ရာ ခင်မင်ကြောင်းတွေ ... လူမှုရေးတွေနဲ့ ပဲလုံးထွေးပြီးဆုံးကြတာ၊ ဒီလူကြီးက မမူးတဲ့ အချိန်မှာ ကောင်းထားတာလေးတွေ ရှိတော့ ထောက်ထားတာ ... ငဲ့ညှာတာတွေနဲ့ လွတ်လာဦးမှာပဲ။”

သူများကို အချုပ်ကျပါစေ ... ထောင်ကျပါစေလို့ ဒုက္ခရောက် စေချင်တာတော့ မဟုတ်ပါ။ ဒါပေမဲ့ ရပ်ကွက်ငယ်တွေရဲ့ .... လူမှုရေး အထာတွေကိုတော့ စိတ်ပျက်မိတာ အမှန်ပင် ....။

လင်မယား နှစ်ယောက်စလုံး အတွေးကိုယ်စီနှင့် တိတ်ဆိတ်သွားခဲ့ကြ၏။ မြန်းကတော့ သားလေး အိပ်နေတဲ့ အထဲမှာ ဝင်ထိုင်ကာ စိတ်က အဆုံးအစမဲ့ ပင်လယ်ကြီးထဲမှာ ရွက်လွှင့်နေခဲ့သလို ရှိလျက် .....

“မောင် ခရီးသွားဖို့ လမ်းစရိတ် ဘယ်လိုရှာရမလဲ ...”

ထိုမေးခွန်းမှာ ပဲ အဖြေမရှာနိုင်ဘဲ ခေါက်တုံ့ခေါက်ပြန် ပြေးနေခဲ့မိသည် ။ မဒွေးဦးနဲ့ ကိစ္စကို ဖြေရှင်းဖို့ တောင် အစီအစဉ် မကျနိုင်သေးပါ ....။

“မြန်း ....”

“ရှင် ... မောင် ...”

မောင့်ခေါ်သံကြောင့် မြန်း ချက်ချင်း အပြင် ပြန်ထွက်လိုက်ရ၏။

"မောင် အပြင်ခဏသွားဦးမယ် ...."

"ဟုတ် ... သွားလေ မောင် ..."

ခေါင်းညိတ်လိုက်ပြီးမှ မောင့်ပခုံးပေါ်မှာ ပါသွားသည့် ဂျာကင်ကို လှမ်းမြင်လိုက်ကာ .....

"မောင် ..."

မြန်း မောင့်လက်ကို ပြန်ပြေးဆွဲကာ ...

"မောင် ဘယ်သွားမလို့ လဲ ...၊ ဘာလုပ်မှာ လဲ ..."

ဂျာကင်ကို သူမ ကြည့်လိုက်တာ မြင်တော့ မင်းမျိုး မျက်နှာ ပျက်သွားသည် ။ ပြီးမှ ပြုံးလိုက်ရင်း .....

"ဝေဖြိုးတို့ ဆီ ခဏပဲ ..."

မြန်း မျက်နှာလေး တည်သွားကာ ဂျာကင်ကို ဆွဲယူထားလိုက်ပြီး ....

"သွားလေ .... ညနေစောင်းအောင် မနေနဲ့ .... "

ပြန်ဆွဲတဲ့ လူက မြန်းကို မဟုတ်ဘဲ ဂျာကင်ကို ဖြစ်ကာ ....

"မောင် ရောင်းပစ်လိုက်မလို့ ပြောပြီးပြီ ..."

"မရဘူး ..."

မြန်းက ပြန်ဆွဲလုပြီး လက်နောက်ပစ်၍ ကွယ်လိုက်၏။

"မြန်း သိတယ် ... အဲဒါကြောင့် ပြန်ယူလိုက်တာ ...၊ ဒါ မိကျောင်းသားရေအစစ်နဲ့ သိန်းကျော်တန်တဲ့ ဂျာကင် ..."

"အဲဒါကြောင့်ပဲ သူများ ဝတ်ပြီးသားကို ဝယ်မယ့်သူက ဝယ်မယ်

ပြောတာပေါ့၊ သွားမယ် လာမယ်ဆိုရင် ပိုက်ဆံက လိုပြီ ...၊ လကုန်မှ မင်း လခထုတ်ရမှာ မို့လား .... လမ်းစရိတ် ဘယ်လို ရှာကြံထုတ်ဦးမှာ လဲ ...”

မင်းမျိုးကလည်း မြန်းပဲ ရှာကြံ ချွေတာနေတာကို မကြည့်ချင်တဲ့ သူ ပါ။ ဒါကြောင့် သွားမယ်လို့ ဆုံးဖြတ်လိုက်တာနှင့် ကိုယ့်ဘာသာ ဖြေရှင်း ဖို့ စဉ်းစားရတာ ဖြစ်သည် ။

ဒါပေမဲ့ မြန်းက ဘယ်လိုမှ လက်မခံနိုင်သည့် မျက်နှာလေးနှင့် ခေါင်းခါရင်း နောက်ထပ်ဆုတ်၏။

“တန်ဖိုးကို ဂရုမစိုက်ဘူး မောင် ... ဒီဂျာကင်က မောင့်မေမေကိုယ် တိုင် သေချာရှာပြီး ဝယ်ပေးခဲ့တာဆို ....”

“ကျွတ် ...”

“မောင်လည်း ဘယ်မှာ သိပ်ဝတ်လို့ လဲ .....၊ ဒီဂျာကင်ကို မောင် မြ တ်နိုးတယ်ဆိုတာ မြန်းသိတယ် ....”

“မြတ်နိုးတယ် ... ဒါပေမဲ့ ဒါက ပစ္စည်းပဲ၊ ပိုက်ဆံရှိရင် ပြန်ဝယ်လို့ ရ တယ်၊ မေမေ ဝယ်ပေးတဲ့ အမှတ်တရ ဆိုတာလည်း မေမေ သက်ရှိထင် ရှား ရှိသေးတယ်၊ အမှတ်တရတွေ အများကြီး ထပ်ရလို့ ဖြစ်တယ် ...”

ပြောနေရင်း ရှေ့ကို လက်လှမ်းရင်း တိုးလာကာ ...

“မောင့်ကို ပြန်ပေးပါကွာ ... တော်ကြာ မိုးချုပ်သွားလိမ့်မယ် ...”

“မပေးဘူး ... လမ်းစရိတ်လောက် လိုတာကို ... မြန်း လက်စွပ်ခဏ သွားပေါင်လိုက်မယ် ...”

“ဘာ ...”

မင်းမျိုး မြန်းရဲ့ ရှေ့ကို လှမ်းခနဲ ရောက်လာသည် ။ ပြီးတော့ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ခါ၍ ...

"မင်း ဘာပြောတယ် မြန်း ...၊ မောင် ပေးထားတဲ့ လက်ထပ်လက်စွပ်ကို ဟုတ်လား ..."

"ဟုတ်တယ် ... ဒါပေမဲ့ ခဏပဲ မောင် ...."

"တောက် ...."

မင်းမျိုး မျက်နှာမှာ ဖြစ်ထွန်းသွားခဲ့သည့် ဒေါသအရှိန်မျိုး မြန်း တစ်ခါမှ မမြင်ဘူးခဲ့ပေ။ မျက်နှာတစ်ပြင်လုံး နီမြန်းလျက် ...၊ တင်းတင်း စေ့ထားသည့် နှုတ်ခမ်းတွေက တော်တော်နဲ့ ဘာမှ မပြောနိုင် ...။

"မင်း ... မင်းကွာ ..."

"ရပြီ ... တော်ပြီ ... မပြောနဲ့ တော့ ..."

သူ့လက်တွေ လွှတ်လိုက်တော့ မြန်းက သူ့ရင်ဘတ်အင်္ကျီစတို့ ကို ပြန်ဆွဲထားမိကာ ....

"မြန်း တောင်းပန်ပါတယ် မောင်ရယ် ... မောင့် ဂျာကင်လေးကို မြန်း မပေးနိုင်လို့ ပါ ..."

"ဘာမပေးနိုင်တာလဲ ....၊ အဲဒီဂျာကင်မှာ ဘယ်လို အထိမ်းအမှတ် ... ဘာကတိသစ္စာတွေ ရှိခဲ့သလဲ ..."

မြန်း ဘာမှ မပြောနိုင် ...။

ဒီလက်စွပ်လေးတွေ မြန်းနဲ့ မောင့်မှာ တစ်ကွင်းစီ ရှိသည် ။ မောင်း ကွင်း ရိုးရိုးလေးတွေပေမယ့် ကြာသပတေး နေ့ချင်းလည်း တူကာ "မြန်း" နဲ့ "မင်း"ကို စာလုံးကောက်၍ M စာလုံး သေးသေးလေးတွေ ထွင်းထ

ည့်ထားခဲ့၏။

လက်ထပ် လက်စွပ်ဆိုပေမယ့် သားလေးကို ကိုယ်ဝန်ရှိမှ မောင်ကိုယ်တိုင် သူ့ဝင်ငွေလေးနဲ့ လုပ်လာပေးတာ ဖြစ်သည် ။

"မင်းကို မောင် အရမ်းအံ့ဩတယ် မြန်း ...၊ မင်း ...."

မြန်း မျက်ရည်တွေ လည်လာတာရော .... မောင်ပြောမယ့် စကားတွေပါ ဒီနေရာမှာ ပဲ အားလုံး ရပ်တန့်သွားခဲ့၏။

သားလေးက အခန်းထဲက ထွက်လာကာ ....

"ဖေဖေ ဘယ်သွားမလို့ လဲ"

မျက်ရည်ကို မျက်တောင်တွေနဲ့ ပုတ်ခတ်ထုတ်ရင်း လက်ခုံနဲ့ ပါ အသာကပ်ပြီးမှ သားဆီကို မြန်း သွား၍ ...

"ဖေဖေ အပြင်သွားစရာရှိလို့ .... သားလေးကို မေမေ မုန့်ကျွေးမယ်နော် ..."

"သားသား မစားတော့ဘူး ... ဖေဖေနဲ့ လိုက်မလို့ ..."

"မလိုက်နဲ့ လေ သားရဲ့ .... အပြန် မိုးချုပ်သွားရင် ..."

" လာ .... သား လာ ..."

မြန်း လှည့်ကြည့်လိုက်တော့ မင်းမျိုးက ခေါင်းညိတ်ပြကာ ....

"သားကို လွှတ်လိုက်ပါ ... ကန်ဘောင်ဘက် ခဏလျှောက်လိုက်မယ် ..."

မျက်နှာ မသာယာစွာနဲ့ သားကို လက်ဆွဲထွက်တော့ မြန်း ငေးငေးလေး ကျန်ခဲ့၏။ ပြီးတော့ လက်စွပ်ရှိသည့် လက်ခုံနုနုလေး ပင့်တက်လာကာ ထိုလက်လေးကို ငုံ့ကြည့်ရင်း ပွတ်သပ်နေမိသည် ။

လက်စွပ်လေးသည် မြန်း အထပ်ထပ် ပွတ်သပ်နေသည့်အောက်မှာ ဝင်းအိ ပြောင်လက်နေ၏။

ထိုစဉ် လက်စွပ်လေးပေါ်သို့ မျက်ရည်တစ်စက် ပေါက်ခနဲ ကြွေဆင်း သွားခဲ့ပြီ ....။

မောင့်ကို မြန်း သိပ်ချစ်ပါတယ် မောင်ရယ် ...၊

* * *